မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၂၈)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုဆွေးနွေးခြင်း၊ ဥပဒေကြမ်း အတည်ပြုခြင်းနှင့် တင်သွင်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၇) ဦးတို့ တက်ရောက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ယနေ့လွှတ်တော်အစည်းအဝေး၌ မေးခွန်း (၁၂)ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အိတ်ဖွင့်ပေးစာ တင်ပြမှတ်တမ်းတင်ခြင်း၊ အဆို (၁)ခု ဆွေးနွေးခြင်း၊ ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထုတ်ပြန်ပြဋ္ဌာန်း

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်အရ နှစ်ပေါင်း (၂၀)ခန့် ရပ်တည်ခဲ့သော တရားဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၂၀)နှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရက တစ်နည်းနည်းဖြင့် အသိအမှတ်ပြုရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ဟောင်းများ အနက် ၇-၃-၂၀၁၀ ရက်နေ့အထိ ကော်မရှင်ရုံးရှိ စာရင်းများအရ လွှတ်တော်ကိုယ်စားလှယ်ဟောင်း (၁၀၇) ဦး ရှိသည်ကို သိရှိရပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် မတ် ၈ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (ဥပဒေအမှတ်-၃/၂၀၁၀)ကို ထုတ်ပြန် ပြဋ္ဌာန်းခဲ့ရာ ယင်းဥပဒေပုဒ်မ ၉၁ တွင် (က)"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ *စာမျက်နှာ ၃ ကော်လံ ၁* ●

လူများဘေးကင်းရန် အကူအညီပေးမည့် စက်ရုပ်များထုတ်လုပ်ပြီ

➤ သတင်းမှတ်စု – မောင်မောင်မြင့်ဆွေ

မီးလောင်နေသော အဆောက်အအုံအတွင်းမှ ပြည်သူများနှင့် ပြိုကျနေသော အဆောက်အအုံအတွင်း ပိတ်မိနေသူများအား အသက်ဘေးမှ ကင်းဝေးစေရန် အကူအညီပေးမည့် စက်ရုပ်များကို အမေရိကန်သုတေသနပညာရှင်များက ထုတ်လုပ်နေပြီဖြစ်ကြောင်း ဩဂုတ် ၂၃ ရက်၌ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ စက်ရုပ်အမျိုးအစားကို ဂျော်ဂျီယာပြည်နယ် ဂျော်ဂျီယာနည်းပညာသိပ္ပံမှ လျှပ်စစ်အင်ဂျင်နီယာများဖြစ်ကြသည့် အယာနာဟိုးဝပ်နှင့် ပေါလ်ရိုဘင်တီတို့က တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယင်းစက်ရုပ်များသည် မီးလောင်မှုဖြစ်ပွားစဉ် မီးခိုးများမွန်းကျပ်နေသော အခန်းအတွင်းနှင့် အဆောက်အအုံအတွင်း ပိတ်မိနေသူများကို ဘေးကင်းရာသို့ ပို့ဆောင်ပေးနိုင်သည်။

တစ်ဖန် ဒဏ်ရာရရှိနေသူများနှင့် ဆေးဝါးကုသရန် လိုအပ်သူများကိုလည်း သယ်မပြီး လူနာတင်ယာဉ်များအထိ တင်ပို့ပေးနိုင်ကြောင်း၊ ထိုသို့ အကူအညီပေးရာတွင် စက်ရုပ်များအနေဖြင့် ဖြစ်ပွားရာ အဆောက်အအုံများအတွင်း အခေါက်ခေါက်အခါခါ ဝင်ထွက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ထို့အပြင် အရေးပေါ်ကိစ္စများ ကြုံတွေ့ရပါကလည်း လူသားတစ်ဦးကဲ့သို့ အကူအညီပေးနိုင်အောင် တီထွင်ထားပြီး အခက်အခဲကြုံတွေ့နေရသူများကို ဘေးကင်းရာသို့ ပို့ဆောင်ပေးနိုင်သည့် အသိပညာလည်း ထည့်သွင်းထားသည်။ *စာမျက်နှာ ၄ ကော်လံ ၅* ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



ပုံသေ စီးတီးဘတ်စ်ကားများ ပြေးဆွဲပေး၊ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေ။ စာ ၁၀

တရုတ်နိုင်ငံ ဖူကျန့်ပြည်နယ်သို့ မုန်တိုင်းရွေ့လျားနေ။ စာ ၁၁

ပေါ့ပ်အဆိုတော် ဆီလီနာဂိုမက်ဇ် MTV တေးဂီတဆုပေးပွဲ အကြိုဖျော်ဖြေမည်။ စာ ၁၃

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၃၀ ရက်)

ရှေးဟောင်းမြန်မာစာပေများ မပျောက်ပျက်ရေး ဆက်လက်ထိန်းသိမ်း

စာပေသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဖြစ်သည်။ လူမျိုးတစ်မျိုး၏သမိုင်းကိုဖော်ပြသော ကြေးမုံလည်းဖြစ်သည်။ မြန်မာစာပေသည် အထောက်အထားခိုင်လုံပြီး ရှေးမြန်မာမင်းများ လက်ထက်မှစ၍ အဆင့်အတန်းမြင့်မားခဲ့သည်။

အထောက်အထားခိုင်လုံသော မြန်မာ့စာပေ၏အစသည် ပုဂံခေတ်ဖြစ်သည်။ ပုဂံခေတ်တွင် ကျောက်စာအရေးအသားထွန်းကားခဲ့သည်။ ရှေးအကျဆုံး ကျောက်စာမှာ မြစေတီကျောက်စာဖြစ်သည်။ မြစေတီကျောက်စာ၌ ပါဠိ၊ မွန်၊ မြန်မာ၊ ပျူဘာသာတို့ဖြင့် မျက်နှာလေးဖက်တွင် တစ်ဖက်စီရေးထိုးထားသည်။ မြန်မာနိုင်ငံတွင် ခေတ်အခါအလျောက် စာပေများထွန်းကားခဲ့ရာ အင်းဝခေတ်စာပေ၊ တောင်ငူခေတ်စာပေ၊ ညောင်ရမ်းခေတ်စာပေ၊ ကုန်းဘောင်ခေတ်စာပေ စသည်ဖြင့် ထင်ရှားကျော်ကြားခဲ့သည်။

ကုန်းဘောင်ခေတ်စာပေများထဲတွင် ကျီးသဲဘွဲ့ဝတ္ထုမှ ဆရာတော်ဦးဩဘာသ ပြန်ဆိုခဲ့သော ဝေဿန္တရာဇာတ်တော်ကြီး၊ ညောင်ကန်ဆရာတော်ကြီး၏ ငါးရာ့ငါးဆယ်ဝတ္ထု စကားပြေတို့သည် ထင်ရှားဆဲဖြစ်သည်။ မြဝတီမင်းကြီး ဦးစ၏ အီနောင်နန်းတွင်း ဇာတ်တော်ကြီး၊ ဦးပုည၏ ပဒုမဇာတ်တို့သည် မြန်မာစာပေတွင် ထင်ရှားသော စာပေများဖြစ်သည်။

စာပေအသိပညာရှင်၊ အတတ်ပညာရှင်များသည် မိမိတို့ ဝါသနာ၊ စေတနာ၊ ယုံကြည်ချက်များ အပေါ်အရင်းခံပြီး နိုင်ငံနှင့်လူမျိုးအကျိုးအတွက် နှစ်ကာလပေါင်းများစွာ ရင်းနှီးပေးဆပ် အနစ်နာခံကာ စာပေလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ စာပေပညာရှင်များ၏ တန်ဖိုးရှိသောရှေးဟောင်းစာပေများကို ယနေ့မျိုးဆက်သစ်လူငယ်လေးများက မပျောက်ပျက်ရန် ဆက်လက်ထိန်းသိမ်းပြီး လေ့လာမှတ်သားသင့်ကြသည်။

မျက်မှောက်ခေတ်စာပေပညာရှင်များ၊ စာပေလောကသားများသည် အမျိုးသားရေးအမွေခံကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းလျက် ပြည်သူလူထုအတွင်း မှန်ကန်သည့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ အတွေးအမြင်များ ခံယူကျင့်သုံးရေး၊ အချင်းချင်းရိုင်းပင်းညီညွတ်ပြီး အရေးကြီးလျှင် သွေးစည်းသည့် ပြည်ထောင်စုစိတ်ဓာတ်များ ထိန်းသိမ်းတည်ဆောက်ရေး၊ ဂုဏ်ယူဖွယ်ရာ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အသိပညာ၊ နည်းပညာစွမ်းအားများ မြင့်မားတိုးတက်ရေးတို့ကို စာပေစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

စာပေသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဖြစ်ပြီး အသိအလိမ္မာ ဉာဏ်ပညာထွန်းကားရေး၊ ဗဟုသုတကြွယ်ဝရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတို့အတွက် မီးရှူးတန်ဆောင်ဖြစ်ရာ တန်ဖိုးရှိသော ရှေးဟောင်းစာပေများကို လေ့လာမှတ်သားကြပြီး မပျောက်ပျက်ရန် ဆက်လက်ထိန်းသိမ်းသွားသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အမျိုးသားယဉ်ကျေးမှု ကိုယ်ခံအားကောင်းအောင် တည်ဆောက် အနုပညာအရည်အသွေး မှတ်ကျောက်တင်နိုင်သူများကို ရွေးချယ်

ရန်ကုန် ဩဂုတ် ၂၉

ယဉ်ကျေးမှုအနုပညာ သုခုမနယ်ပယ်တွင် နယ်နိမိတ်သတ်မှတ်ပြီး မိမိလူမျိုးနှင့်မကိုက်ညီသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများအား ဝင်ခွင့်မပြုဘဲ လုပ်ဆောင်၍ရသည့် အခြေအနေမဟုတ်ခြင်းကြောင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ကိုယ်ခံအားကောင်းအောင် တည်ဆောက်သွားကြရန်လိုအပ်ကြောင်း၊ သို့အတွက် နိုင်ငံတော်က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီး ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပေးနေခြင်းဖြစ်ကြောင်း၊ ပညာရှင်အကဲဖြတ်ဒိုင်များကလည်း ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲမထားဘဲ အနုပညာအရည်အသွေး မှတ်ကျောက်တင်နိုင်သူများကိုသာ မှန်မှန်ကန်ကန် မျှမျှတတ ရွေးချယ်ပေးစေလိုကြောင်းဖြင့် ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ဖွင့်ပွဲအခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တေးသံရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများနှင့် အထက(၂)လသာမှ ကျောင်းသူကလေးများက အဆို၊ အကများဖြင့် ကပြသီဆိုဖျော်ဖြေကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီး (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကျောင်းပြင်ပ မူလတန်းပညာရေးသို့ စာအုပ်၊ စာရေးကိရိယာနှင့် ဝတ်စုံများထောက်ပံ့

ပုသိမ် ဩဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းများအတွက် စာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံနှင့် ထောက်ပံ့ငွေများ လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၂၆ ရက် ညနေ ၄ နာရီက ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် အမှတ်(၂၁) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ် (၈) ရပ်ကွက် အမှတ် (၂၀၇) အခြေခံပညာ မူလတန်းကျောင်းတို့၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်ဌေးမြင့်က စာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ မူလတန်းတက်ရောက်ကြသည့် ကလေးငယ်များအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့်တို့မှ တာဝန်ရှိသူများက စာအုပ်၊ စာရေးကိရိယာ၊ ဝတ်စုံနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

အားကစားဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေး လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်အားကစားဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပရေးနှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမှု ကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းနှင့် ညနေပိုင်း တို့တွင် နေပြည်တော် ပိတောက်အိမ်ရာနှင့် ချယ်ရီအိမ်ရာတို့ရှိ အားကစားဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာ၌ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းထားရှိမှု၊ ရေဆင်းမြောင်းများ ဆယ်ယူထားရှိမှု၊ နှစ်ရှည်ပင်၊ သီးပင်စားပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အိမ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ရေဆင်းမြောင်းများ ရေစီးရေလာကောင်းစေရန် အစဉ်ဂရုစိုက်ဆောင်ရွက်သွားကြရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

နှစ်ရှည်ပင်များ စိုက်ကေတိုးတက်ရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၉

ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်နှင့် မက္ကဒေးမီးယားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ရေးနှင့် ရော်ဘာအဆင့်မြင့်ကုန်ချောများ ထုတ်လုပ်ရေးအတွက် နှစ်ရှည်ပင်လုပ်ငန်းက သုတေသနပြုတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ နှစ်ရှည်ပင်များ စိုက်ကေတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက နှစ်ရှည်ပင်လုပ်ငန်း(ရုံးချုပ်) ရန်ကုန်မြို့ရှိ စည်းဝေးပွဲခန်းမ၌ ကျင်းပသည်။ ဆွေးနွေးပွဲတွင် နှစ်ရှည်ပင်လုပ်ငန်းမှ တိုးချဲ့ပညာပေးဌာနခွဲ၊ စီမံခန့်ခွဲရေးနှင့် ဖြည့်တင်းရေးဌာနခွဲ၊ သုတေသနနှင့် စက်ရုံများဌာနခွဲ၊ နိုင်ငံပိုင်ခြံလုပ်ငန်းများဌာနခွဲ၊ ငွေစာရင်းဌာနခွဲများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပြီး နှစ်ရှည်ပင်လုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရွှေက စိုက်ကေတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့စိုက်ပျိုးရေး)**

စာအုပ်စာပေ လှူဖိတ်ဆွေ

လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင် မြောင်မြို့နယ်၌ ဖြန့်ဝေ

မြောင် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးအတွင်း၌ ကျင်းပသည်။

လက်ကမ်းစာစောင်များဖြန့်ဝေ

ဆက်လက်ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဝင်းက လျှပ်စစ်အန္တရာယ်ကင်းစေရေး သိမှတ်ဖွယ်ရာများကို ပြည်သူများအား ရှင်းလင်းပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက မြောင်သီရိလမ်းနှင့် ပရိမ္မလမ်းဆုံသို့ သွားရောက်၍ ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အစားအစာချက်ပြုတ်နည်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျိုက်ထိုမြို့နယ်၌ကျင်းပ

ကျိုက်ထို ဩဂုတ် ၂၉

ကျိုက်ထိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အစားအစာချက်ပြုတ်နည်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို မြောက်ပိုင်းရပ်ကွက်မှလည်းကောင်း၊ ဒုတိယဆုကို ဇေယျာမွန်ရပ်ကွက်မှ လည်းကောင်း၊ တတိယဆုကို ဖက္ကလိပ်ကျေးရွာအုပ်စုမှ လည်းကောင်းရရှိခဲ့ကြပြီး ဆုရရှိသူများအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြတ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

● *ရှေ့ဖုံးမှ*

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ်-၁၄/၈၉)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်"၊ (ခ) ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေအရ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိတော့သည့်အတွက် ယင်းရွေးကောက်ပွဲရလဒ်များသည် အလိုအလျောက် ပျက်ပြယ်သည်ဟု မှတ်ယူရမည်"ဟု ပြဋ္ဌာန်းထားပါကြောင်း။

ပြန်လည်ဖြေကြား

ထို့ကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်-၁၄/၈၉)အရ ကျင်းပခဲ့သည့် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၏ ရလဒ်များသည် ဥပဒေအရ အလိုအလျောက်ပျက်ပြယ်ခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ကျန်းမာရေးကဏ္ဍဆိုင်ရာ မေးခွန်း(၇)ခုကို မေးမြန်းခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြန်လည်ဖြေကြားသည်။

မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၏ **တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်များတွင် နေထိုင်သောလူနာများ အချိန်တိုအတွင်းသွားရောက်ကုသမှု လွယ်ကူစေရန် အားကိုးအားထားပြုရမည့် မင်္ဂလာဒုံမြို့နယ်ဆေးရုံအား မြောက်ဥက္ကလာပ ဆေးရုံကြီးနှင့် အင်းစိန်ဆေးရုံကြီးများကဲ့သို့ အဆင့်မြှင့်ဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မင်္ဂလာဒုံမြို့နယ်ဆေးရုံအား ခုတင် (၁၀၀) ဆေးရုံအဖြစ် အဆင့်မြှင့်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းဆေးရုံတွင် အထူးကူးစက်ရောဂါ (HIV/AIDS)လူနာများအား အထူးပြုစု စောင့်ရှောက်ကုသပေးလျက်ရှိပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုက်ကြီး၊ မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ လှိုင် အစရှိသည့်မြို့နယ်များမှ အားကိုးအားထားပြုရမည့်ဆေးရုံတစ်ရုံ စီမံဆောင်ရွက်ရန် ရည်ရွယ်၍ သင့်လျော်မည့်နေရာကို လေ့လာဆန်းစစ်ကြည့်ရှုလျက်ရှိပြီး ရရှိပါက သင့်လျော်သောနေရာတွင် ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

စည်းကမ်းသတ်မှတ်

ရွှေပြည်သာ မဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း၏ **တရားဝင်ဆေးဆိုင်၊ တရားမဝင်ဆေးဆိုင်ငယ်များနှင့် ကွမ်းယာဆိုင်များမှာပင် ဆေးများရောင်းချနေကြသည့်အတွက် မိမိလိုရာဆေးကို နေရာတိုင်းမှာအလွယ်တကူရရှိနိုင်ပြီး ဆေးဝါးများကိုစနစ်တကျမသုံးတတ်သောကြောင့် ဆေးယဉ်ပါးမှုများဖြစ်ပေါ်ခြင်း၊ ဘေးထွက်ဆိုးကျိုးများခံစားရခြင်း တဖြည်းဖြည်းကြီးထွားလာရသဖြင့် အန္တရာယ်ကင်းသောအိမ်သုံးဆေးဝါးများကို ဆေးပညာကျွမ်းကျင်သူများ၏ ဆေးညွှန်းဖြင့်သာ ရောင်းချခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် အရည်အသွေးစစ်ဆေးသည့် Quality Control Unit ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသား ဆေးဝါးဥပဒေပုဒ်မ ၁၆ တွင် မည်သူမျှ လိုင်စင်မရှိဘဲ ဆေးဝါးကုန်ကြမ်း (သို့မဟုတ်) ဆေးဝါးကိုထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရဟု ပြဋ္ဌာန်းထားသည့်အတိုင်း ဆေးဆိုင်တိုင်းသည် ဆေးဝါးရောင်းချသူလိုင်စင်ရရှိမှသာ ရောင်းချခွင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံ မြို့ရွာအသီးသီး၌လည်း ဆေးဝါးများ လွတ်လပ်စွာ ရောင်းချခြင်းကို ခွင့်မပြုပါကြောင်း၊ ဆေးဝါးလက်ကား (သို့မဟုတ်) လက်လီရောင်းချသူ လိုင်စင်ရရှိလိုသူသည် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က တာဝန်ပေးအပ်သည့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ လျှောက်ထားပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါက လိုင်စင်ထုတ်ပေးပါကြောင်း၊ ဆေးဝါးရောင်းချရာတွင် မှတ်ပုံတင်ထုတ်ပေးစဉ်က သတ်မှတ်ထားသည့် ဆရာဝန်ညွှန်ကြားချက်ဖြင့် သုံးစွဲရမည့်ဆေးဝါး (Prescription Only Medicine) နှင့်ဆရာဝန်ညွှန်ကြားချက်မလိုသောဆေးဝါး (Over The Counter Medicine) ဟု သတ်မှတ်သည့်အတိုင်းရောင်းချရန် စည်းကမ်းသတ်မှတ်ချက်ရှိပါကြောင်း၊ "စပ်" ဆေးရောင်းချခွင့်မရှိပါကြောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနသည် ပုံမှန်ဈေးကွက်ရှိ ဆေးဝါးများ၏အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ပါကြောင်း၊ ၂၀၁၀ပြည့်နှစ်တွင် မှတ်ပုံတင်လျှောက်ထားသည့် ဆေးဝါးအမျိုးပေါင်း (၁၈၀၀)နှင့် ဈေးကွက်ဆေးနမူနာ (၁၁၅)တို့ကို စစ်ဆေးခဲ့ပါကြောင်းဖြင့် ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့ ပြည်သူ့ဆေးရုံ (၂၅)ခုတင်ဆံ့ကို ၁၇-၃-၂၀၀၈ ရက်နေ့တွင် ခုတင် (၁၀၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး လျော်ညီသောအဆောက်အအုံ ယခုထိမရှိသေးသောကြောင့် ဆေးရုံနှင့်လျော်ညီသော အဆောက်အအုံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ပြည်သူ့ဆေးရုံအား ခုတင် (၁၀၀)ဆံ့ဆေးရုံအဖြစ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ကျန်းမာရေးဦးစီးဌာန၌ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ (၁၈၁ ဒသမ ၇၇၉)ကျပ်သန်း ခွင့်ပြုချက်ရရှိခဲ့ပြီး လူနာဆောင် (၁)ဆောင်၊ ဓာတ်ခွဲခန်း/ ဓာတ်မှန်ဆောင် အဆောက်အအုံ (၁)လုံး၊ လက်ထောက်ဆရာဝန် (၅)ခန်းတွဲ (၁) ထပ် (၁)လုံးနှင့် သူနာပြု (၆)ခန်းတွဲ (၁)ထပ် (၁)လုံးတို့ကို ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

စီစဉ်ဆောင်ရွက်

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံတွင် ခွင့်ပြုလက်ထောက်ဆရာဝန် (၁၁)ဦးအနက်မှ (၂)ဦးသာ ရှိသည့်အတွက် လစ်လပ်ဆရာဝန်များ အမြန်ဆုံးစေလွှတ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်း ပြည်သူ့ဆေးရုံ၌ ဆေးရုံအုပ် (၁)ဦး၊ လက်ထောက်ဆရာဝန် (အရိုး) (၁)ဦး၊ လက်ထောက်ဆရာဝန် (သားဖွားမီးယပ်) (၁)ဦး၊ လက်ထောက်ဆရာဝန် (ခွဲစိတ်) (၁)ဦးနှင့် လက်ထောက် ဆရာဝန် (၁)ဦးတို့ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ လစ်လပ်လျက်ရှိသည့် အထူးကုဆရာဝန်များ (ဆေးပညာ/ကလေး/မေ့ဆေး)နှင့် ထမံသီ တိုက်နယ် ဆေးရုံ၊ သောင်သွပ် တိုက်နယ်ဆေးရုံ၊ ရွှေပြည်အေးတိုက်နယ်ဆေးရုံတို့တွင်လည်း လက်ထောက်ဆရာဝန်များကို အမြန်ဆုံးခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ **ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ကင်ဆာရောဂါကု ဓာတ်ကင်စက်ကြီးမှာ ဟောင်းနွမ်းပျက်စီးနေသဖြင့် ကင်ဆာဝေဒနာရှင်များမှာ ရှမ်းပြည်နယ်တောင်ကြီးဆေးရုံ (သို့မဟုတ်) နိုင်ငံခြားသို့ သွားရောက်ဓာတ်ကင်နေကြရခြင်း၊ ဆင်ခြေဖုံးရပ်ကွက်များရှိ လူနာများမှာ ချို့တဲ့ဆင်းရဲသူများသဖြင့် စရိတ်မျှပေးကျန်းမာရေး အစီအစဉ်သည် လုံလောက်မှုမရှိခြင်းတို့ကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဆေးတက္ကသိုလ်များမှ နှစ်စဉ်မွေးထုတ်ပေးခဲ့သော ဆရာဝန်လက်မှတ်ရရှိပြီးသူ ဆရာဝန်များကို နိုင်ငံတော်က လက်ထောက်ဆရာဝန်များအဖြစ် ခန့်အပ်ထားနိုင်မှုအလုံအလောက်မရှိ၍ ဆရာဝန်ပညာနှင့် မသက်ဆိုင်သည့်လုပ်ငန်းများ လုပ်ဆောင်နေကြသောကြောင့် နိုင်ငံတော်အတွက် များစွာနစ်နာလှသဖြင့် အလုပ်မရသေးသူ ဆရာဝန်များအတွက် နိုင်ငံတော်အနေဖြင့် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်း** မေးခွန်းများနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနတွင် ချို့တဲ့လူနာရှင်များအတွက် ဆေးဖိုးအဖြစ် ဆေးပဒေသာပင်အတိုးရငွေမှ လစဉ်ကျပ်ငွေ (၃)သိန်း၊ ဌာနဆိုင်ရာ အခြား ငွေစာရင်း (ဆေးဝါး)မှ လစဉ်ကျပ်ငွေ (၃)သိန်း စုစုပေါင်းကျပ်ငွေ (၆)သိန်းကို သီးခြားရန်ပုံငွေအဖြစ် ခွဲဝေပေးပါကြောင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ဓာတ်ခွဲ စမ်းသပ်ခြင်း၊ Ultrasound နှင့် CT Scan ရိုက်ခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးပါကြောင်း၊ ရုံးချိန်ပြင်ပတွင် တာဝန်ကျလက်ထောက်ဆရာဝန်လက်မှတ်ဖြင့် ဆောင်ရွက်ခွင့်ပြုထားပါကြောင်း၊ ရုံးချိန်တွင်မူ လက်ထောက်ဆေးရုံအုပ်၊ ဒုတိယဆေးရုံအုပ်နှင့် ဆေးရုံအုပ်ကြီးတို့က ကြီးကြပ်ဆောင်ရွက်ပေးပါကြောင်း။

အရေးပေါ် ခွဲစိတ်ခန်းတွင် ခွဲစိတ်ကုသမှုလိုအပ်သော လူနာများအတွက် သီးခြားအလှူရှင်များမှ လှူဒါန်းသည့် အလှူငွေကို လက်ထောက်ဆေးရုံအုပ်ထံတွင်ထားရှိပြီး လိုအပ်သည့်မေ့ဆေး၊ ချုပ်ကြိုးမှအစ ပြည့်စုံစေရေး အချိန်နှင့်တစ်ပြေးညီ ဝယ်ယူပေးနိုင်ရန် ငွေသားကျပ် (၃)သိန်းမှ (၅)သိန်းအထိ အဆင်သင့်ပေးအပ်ထားပါကြောင်း၊ အရေးပေါ်ဌာနရှိဆေးဆိုင်မှ အချိန်မရွေးဝယ်ယူပေးခြင်း၊ ကြိုတင်အသုံးပြုပြီးမှ ဆေးဖိုးစာရင်းရှင်းပေးခြင်းဖြင့် အချိန်နှင့်တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ဌာနတွင် ပိုက်လိုင်းစနစ်ဖြင့် အောက်ဆီဂျင်ကိုသုံးနိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ စုစုပေါင်း (၁၅)နေရာတွင် အောက်ဆီဂျင်ကို အဆင်သင့်ရရှိနိုင်ရန် ဆောင်ရွက်ထားပါကြောင်း။

အတွင်းလူနာဆောင်များမှ ချို့တဲ့လူနာများအတွက် သက်ဆိုင်ရာဌာန တာဝန်ခံမှ စီစဉ်ဆောင်ရွက်ပေးရန် ဆေးပဒေသာပင် အတိုးငွေကို လူနာဆောင်တစ်ခုလျှင် (၁)နှစ်အတွက် ငွေကျပ် (၉)သောင်း ခွဲဝေပေးပြီး သီးခြားလိုအပ်ချက် ရှိပါက ဆေးသိုလှောင်ရေးဌာနသို့ တောင်းခံလွှာပေးပို့၍ ဒုတိယဆေးရုံအုပ်မှ တစ်ဆင့်ထပ်မံဝယ်ယူပေးပါကြောင်း၊ စရိတ်မျှပေးဆေးဖိုးငွေကို ဆေးရုံအုပ်ကြီး၏ ခွင့်ပြုချက်ဖြင့် အသုံးပြုပါကြောင်း၊ လူနာဆောင်တာဝန်ခံဆရာဝန်ကြီး၏ အစီအစဉ်ဖြင့် ဆေးဝယ်လှူရန် အလှူငွေသီးခြားစုဆောင်းထားရှိခြင်းများလည်း ရှိပါကြောင်း၊ ဌာနဆိုင်ရာ ရန်ပုံငွေစာရင်း (၀၃-၀၁)မှလည်းကောင်း၊ (၀၅-၀၃)မှ လည်းကောင်း ဆေးဝါးဝယ်ယူဖြည့်တင်းပေးခြင်းများလည်း ဆောင်ရွက်ပေးပါကြောင်း၊ ဆင်ခြေဖုံးဆေးရုံများမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်လူနာများ လွှဲပြောင်းပေးပို့ရာတွင် လူနာတင်ယာဉ်များ ထပ်မံဖြည့်ဆည်းရန်အတွက် ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်နေပြီဖြစ်ပါသဖြင့် နောင်တွင် လူနာလွှဲပြောင်းပေးပို့ရာ၌ ကြန့်ကြာခက်ခဲမှုများမရှိအောင် စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

မှာယူတင်သွင်း

ယခင်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် Radiotherapy ကင်ဆာရောဂါ ဓာတ်ကင်စက် (၃)လုံး ရှိပါကြောင်း၊ လွန်ခဲ့သည့် (၂)နှစ်ကျော်က စက်(၁) လုံး ပျက်စီးသွားပြီး လုံးဝပြင်ဆင်၍မရတော့ပါကြောင်း၊ ယခုအခါ စံနှုန်းမီ စက် (၁)လုံးနှင့် အင်အားကျနေသောစက်(၁)လုံးဖြင့်သာ ကုသပေးနိုင်သဖြင့် လူနာများစောင့်ဆိုင်းချိန် (၃)လမှ (၄)လအထိ ကြန့်ကြာနေခြင်းဖြစ်ပါကြောင်း၊ ၂၀၀၉ ခုနှစ် ဩဂုတ်မှစ၍ ပြည်သူလူထုထည့်ဝင်အလှူငွေကို လက်ခံပြီး ငွေကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင့်ငါးရာတန်ဖိုးရှိသော Theratron Phoenix External Therapy System စက်ကို ကနေဒါနိုင်ငံမှ မှာယူတင်သွင်းခဲ့ပါကြောင်း၊ ၂၆-၇-၂၀၁၁ ရက်နေ့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်ရောင်ခြည်ဆေးကုဌာနရှိ အသင့်ပြင်ဆင်ထားသည့် စံနှုန်းကိုက်အဆောက်အအုံတွင် ရောက်ရှိပြီးဖြစ်ရာ သက်ဆိုင်ရာနိုင်ငံခြား အင်ဂျင်နီယာက စတင်တပ်ဆင်နေပြီဖြစ်ပါကြောင်း၊ စက်တင်ဘာပထမပတ်တွင် Source နှင့်အတူ ကနေဒါနိုင်ငံမှ အင်ဂျင်နီယာ(၁)ဦး ထပ်မံရောက်ရှိပြီး I.A.E.A မှ တာဝန်ရှိပညာရှင်များနှင့်အတူ ဓာတ်ရောင်ခြည်ထွက်နှုန်းများညှိခြင်းကို စံကိုက်ပြုလုပ်ကာ Commisionary ပြုလုပ်၍ ဆေးရုံကြီးသို့လွှဲအပ်မည်ဖြစ်ရာ လူနာကုသခြင်းကို စတင်ဆောင်ရွက်နိုင်မည်ဟု သိရပါကြောင်း၊ ပုံမှန်လူနာလက်ခံကုသမှုကို အောက်တိုဘာမှစတင်၍ ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ထိုပညာရှင်များ၏ အကူအညီဖြင့် ပျက်နေသည့်စက်များကို ပြုပြင်၍ လိုအပ်သောစက်အပိုပစ္စည်းများဝယ်ယူရန် I.A.E.A အကူအညီဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ စက်(၃) လုံးစလုံးကို အသုံးပြုနိုင်ပါက လူနာများစောင့်ဆိုင်းချိန်(၁)လခန့်သာရှိတော့မည်ဖြစ်ပြီး ထိုစောင့်ဆိုင်းချိန်ကာလအတွင်း ဓာတ်ကင်မည့်လူနာများအတွက် လိုအပ်သော ပြင်ဆင်မှုနှင့် ဓာတ်ခွဲစမ်းသပ်မှုများကို ဆောင်ရွက်ထားနိုင်မည်ဖြစ်ပါကြောင်း။

ဆေးတက္ကသိုလ်အသီးသီးမှ ဘွဲ့ရရှိပြီးဖြစ်ကြသော သစ်လွင်ဆရာဝန်များကို ကျန်းမာရေးဝန်ကြီးဌာနမှ အလုပ်အကိုင်နေရာချထားမှုနှင့်စပ်လျဉ်း၍ အလားတူမေးခွန်းအား ဩဂုတ် ၂၆ ရက် ပြည်သူ့လွှတ်တော် ပဉ္စမနေ့အစည်းအဝေး၌ ဦးသိန်းညွှန့်၏ မေးမြန်းချက်အပေါ် ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကင်ဆာရောဂါသည်များ ကုသရန်အတွက် ဓာတ်ရောင်ခြည်ပြစက်သုံးလုံးအနက် တစ်လုံးမှာချို့ယွင်းပြီး နှစ်လုံးမှာ သက်တမ်းကြာ ခေတ်မမီတော့သဖြင့် ကင်ဆာလူနာများအား ဓာတ်ရောင်ခြည်ကုသရာတွင် အချိန်ကြာမြင့်စွာကုသရပြီး ချို့ယွင်းနေသောစက်နှစ်လုံးမှာ ခေတ်မမီသောကြောင့် ရောဂါဆဲလ်ရှိသည့်နေရာကိုသာ ထိတွေ့သည်မဟုတ်ဘဲ ရောဂါဖြစ်သည့်အနားတစ်ဝိုက်ကိုပါ ထိခိုက်စေကြောင်းသိရသဖြင့် ခေတ်မီသည့် ဓာတ်ရောင်ခြည်ပြစက်ဖြည့်တင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ယနေ့မေးခွန်းများ မေးမြန်းခြင်းကဏ္ဍ၌ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၏ မေးမြန်းချက်အပေါ် ဖြေကြားချက်နှင့် တစ်သဘောတည်းဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့နောက် ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင်၏ **နိုင်ငံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းရှင်၊ ကုန်သွယ်မှုလုပ်ငန်းရှင်ပြည်သူများ အကျိုးဖြစ်ထွန်းစေရေးအတွက် ဘဏ်အတိုးနှုန်းသတ်မှတ်ဆောင်ရွက်မှုများအပေါ် အဘက်ဘက်မှ စိစစ်သုံးသပ်၍ ပြင်ဆင်သတ်မှတ်မှုများ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ အတိုးနှုန်းများကို လိုအပ်သလိုသတ်မှတ်၍ ဘဏ်များ၏အပ်ငွေပေါ် အတိုးနှုန်းများ၊ ချေးငွေပေါ် အတိုးနှုန်းများကို ထိန်းကျောင်းပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်ဥပဒေ၊ နည်းဥပဒေများအရ နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်မှုအတွက် လက်ရှိစီးပွားရေးနှင့် ငွေရေးကြေးရေး အခြေအနေများပေါ် လေ့လာသုံးသပ်၍ ငွေကြေးမူဝါဒနည်းလမ်းများကို အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပိုမိုဖြည့်ဆည်းပေး

ငွေကြေးမူဝါဒနည်းလမ်းတစ်ခုဖြစ်သည့် အတိုးနှုန်းပြောင်းလဲခြင်းကို ကျင့်သုံးရာတွင် ဗဟိုဘဏ်များအနေဖြင့် တိုင်းပြည်၏ စီးပွားရေးကျဆင်း/ရပ်တန့်နေသည့်အခြေအနေ၌ ရင်းနှီးမြှုပ်နှံမှုကို အားပေးရန်နှင့် စီးပွားရေးအရှိန်မြှင့်တင်ရန်အတွက် ငွေကြေးပမာဏကို ပိုမိုဖြည့်ဆည်းပေးရန်လိုအပ်သောကြောင့် အတိုးနှုန်းကိုလျှော့ချလေ့ရှိပြီး စီးပွားရေးအရှိန်မြင့်လွန်းသည့် အခြေအနေနှင့် ငွေကြေးဖောင်းပွမှုမြင့်မားနေသည့်အခြေအနေတို့၌ ငွေကြေးပမာဏကို လျှော့ချထိန်းချုပ်ရန်လိုအပ်သောကြောင့် အတိုးနှုန်းကို မြှင့်တင်လေ့ရှိပါကြောင်း။

ဘဏ်အတိုးနှုန်းကို သတ်မှတ်ရာတွင် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များနှင့် လက်ရှိအခြေအနေ၊ ငွေကြေးပမာဏ၊ ပြည်တွင်းကုန်ဈေးနှုန်း၊ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု စသည်ဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ဘဏ်များ၏အပ်ငွေနှင့် ချေးငွေများသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိပါကြောင်း၊ စက်မှုလုပ်ငန်းချေးငွေအတွက် အတိုးနှုန်းအပါအဝင် ဘဏ်အတိုးနှုန်းများနှင့် ဆက်စပ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ အချက်အလက်များကို အမြဲမပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ဘဏ်တွင်ငွေစုဆောင်းသူများနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်လို၍ ဘဏ်မှငွေချေးယူလိုသူ နှစ်ဦးနှစ်ဖက်အတွက်သင့်တင့်ပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့် အတိုးနှုန်းသို့ ပြောင်းလဲသတ်မှတ်ရေးကို သင့်တော်သည့်အချိန်တွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)အဒူရော်ဇက်၏ **ပြည်သူလူထုနှင့် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပညာရှင်များ မထွက်ခွာအောင်၊ ထွက်ခွာသွားပြီးဖြစ်သော ပညာရှင်များအား အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိအောင် နိုင်ငံတော်က စီမံချက်တစ်ရပ်ချမှတ်ကာ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြန်မာနိုင်ငံမှလူငယ်အချို့သည် နိုင်ငံခြားတိုင်းပြည်များသို့သွားရောက်ပြီး ပညာသင်ကြားကြရာမှ မိမိနိုင်ငံသို့ ပြန်လည် လာရောက်ခြင်းမရှိတော့ဘဲ နိုင်ငံခြားတိုင်းပြည်များ၌သာ အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင်နေကြခြင်း၊ အချို့ပြည်တွင်းမှ

စာမျက်နှာ ၄ ကော်လံ ၁ သို့

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကို မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်(ခ) အဒူရော်ဇက် မေးမြန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် နေပြည်တော်ခတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက် ရှိသော မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမောင်အား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ဆေးကုသမှုခံယူနေသောလွှတ်တော်ကိုယ်စားလှယ်များအား ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၉

ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်သည် ယနေ့ညနေ၅ နာရီတွင် နေပြည်တော် ခတင်(၁၀၀၀) ပြည်သူ့ ဆေးရုံကြီး၌ တက်ရောက်ဆေးဝါးကုသမှု ခံယူလျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များအား သွားရောက်ကြည့်ရှု အားပေးသည်။ ပြည်ထောင်စုလွှတ်တော်နာယကသည် နေပြည်တော်ခတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာရာ လွှတ်တော်ရုံးဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မြဝင်းနှင့်တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဆေးရုံ၌ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်းနှင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလှမောင်တို့အား ကြည့်ရှုအားပေးသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၃ မှ

ပညာရှင်များကလည်း ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် အပြီးအပိုင်ထွက်ခွာသွားကြခြင်းများရှိနေသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အချို့ပညာရှင်များမှာ အပြီးအပိုင်ထွက်ခွာသွားခြင်းမပြုသော်လည်း နိုင်ငံခြားတိုင်းပြည်မှ ကုမ္ပဏီ၊ အလုပ်ဌာနများသို့ သွားရောက်လုပ်ကိုင်နေကြခြင်းများလည်း ရှိနေပါကြောင်း။

လက်ကမ်းကြိုဆို

ထိုကဲ့သို့ မိမိနိုင်ငံကိုအကျိုးမပြုဘဲ အခြားပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေခြင်းမှာ အဓိကအားဖြင့် တစ်ဦးချင်း၏မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ပေါ်တွင်သာ အခြေခံသည်ကို သိရှိနိုင်ပါကြောင်း၊ ယခုအခါ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်းသည် နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ရရှိခံစားဆောင်ရွက်နိုင်သည်ကို တွေ့ရှိနိုင်ပါကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးကို အပြည့်အဝပေးထားပြီးဖြစ်သည့်အတွက် ပညာရှင်များအနေဖြင့် ပြည်တွင်း၌ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်နိုင်သည်ကို သိရှိနိုင်ပါကြောင်း၊ နိုင်ငံတော်အတွက် ဆောင်ရွက်ပေးမည့် မည်သည့်နိုင်ငံသားပညာရှင်မျိုးကိုမဆို လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း။

အချို့သောပုဂ္ဂိုလ်များအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်ကြရာတွင် တရားဝင်သွားရောက်ရာမှ စည်းကမ်းဖောက်ဖျက်၍ ပြည်ပတွင်ဆက်လက်နေထိုင်ခြင်း၊ တရားမဝင်နည်းလမ်းဖြင့် ပြည်ပသို့ထွက်ခွာခြင်းစသည်ဖြင့် ဥပဒေဖြင့်မညီသောနည်းလမ်းများကို အသုံးပြုလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မည်သည့်တရားမဝင်သွားရောက်မှုမျိုးကိုမဆို တရားဥပဒေအရ အရေးယူအပြစ်ပေးနိုင်ပါကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း အာဆီယံရဲတပ်ဖွဲ့၊ နိုင်ငံတကာရဲတပ်ဖွဲ့ စသည့်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဥပဒေဖောက်ဖျက်ကျူးလွန်ပြီး နိုင်ငံခြားတိုင်းပြည်သို့ ရောက်ရှိနေသူများကို ဖမ်းဆီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံမှပညာရှင်များ ပြည်ပသို့ ထွက်ခွာမသွားစေရေးနှင့် ပြည်ပသို့ရောက်ရှိနေသည့်ပညာရှင်များ မိမိနိုင်ငံသို့ပြန်လည်ရောက်ရှိစေရေးအတွက် ကျွမ်းကျင်သူပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အခွင့်အလမ်းများဖန်တီး

အလုပ်သမားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများမှတစ်ဆင့် စေလွှတ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားများမှာ တစ်ဝက်တစ်ပျက်ကျွမ်းကျင်လုပ်သား(Semi-Skilled)နှင့် အထွေထွေလုပ်သား (General Worker)များသာဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၁ခုနှစ် ဇူလိုင်အထိ နိုင်ငံပေါင်း(၁၅)နိုင်ငံသို့ အလုပ်သမားစုစုပေါင်း(၅၈၆၈၀၆)ဦး စေလွှတ်ခဲ့ပါကြောင်းနှင့် ပညာရှင်များစေလွှတ်ခဲ့ခြင်းမရှိပါကြောင်း၊ ပညာရှင်များအတွက် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန်အတွက် ပြည်တွင်း/ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများအား နည်းပညာမြင့်မားသော စက်ရုံ/ အလုပ်ရုံဌာနများ၊ သုတေသနနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပြည်တွင်း၌ထူထောင်နိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည့်အပြင် ပြည်ပရောက်မြန်မာနိုင်ငံသား ပညာရှင်များကိုလည်း အမိမြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်နိုင်အောင် ဆွဲဆောင်စည်းရုံးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၏ **မြန်မာနိုင်ငံအားကစားသမားကောင်းများ ပေါ်ထွက်လာနိုင်ရေးအတွက် အရေးပါသော အားကစားသမားများ၏ ဘဝအာမခံချက်ရှိစေရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် **၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်စေမည့် အားကစားနည်းများကို အတွေ့အကြုံရင့်ကျက်သော နိုင်ငံတကာမှ နည်းပြဆရာများ ငှားရမ်းလေ့ကျင့်ပေးပါရန်နှင့် လက်ရည်စမ်းပွဲ၊ ခြေစမ်းပွဲများကို နိုင်ငံခြားမှ အားကစားသမားများ၊ အသင်းများနှင့် ပြုလုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အားကစားတိုးတက်မြင့်မားရေးအတွက် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံးတွင် အားကစားကွင်း (၁၈၇) ကွင်းနှင့် မိုးလုံလေလုံအားကစားရုံ (၈၄) ရုံ၊ တင်းနစ်ကွင်း (၅၀)အပါအဝင် အခြားအားကစားကွင်း၊ အားကစားရုံများ တိုးတက်ဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများရွေးချယ်ရေးကို ဒေသအနှံ့ကွင်းဆင်းရွေးချယ်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် အားကစားပြိုင်ပွဲများပြုလုပ်၍ ရွေးချယ်ခြင်းများအပြင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ အားကစားကလပ်များကို အခြေခံကျင်းပသော Champion Challenge Cup Tournament အားကစားပြိုင်ပွဲများကို ၂၀၁၁ ခုနှစ် စက်တင်ဘာမှစတင်ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး စားစရိတ်၊ ဝတ်စုံစရိတ်၊ နည်းပြ ထောက်ပံ့စရိတ်များ၊ အားကစားပစ္စည်းများ ပံ့ပိုးကူညီပေးသွားမည့်အပြင် ထိုက်တန်စွာဆုကြေးငွေချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း။

သင်ကြားလေ့ကျင့်ပေး

တက္ကသိုလ်/ကောလိပ်နှင့် အခြေခံပညာကျောင်းများမှ မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်လာစေရေးအတွက် ယခင်ကထက် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ကျောင်းများသို့ အားကစားဝန်ကြီးဌာနမှ ရွေးချယ်လေ့ကျင့်ပေးထားသည့် အားကစားနည်းစနစ်မှူးများ စေလွှတ်တွဲဖက်ကာ ကျောင်းအချိန်ဇယားတွင် အားကစားချိန်သတ်မှတ်၍ အားကစားနည်းစနစ်များ သင်ကြားပေးနိုင်ရေးနှင့် ကျောင်းသားအားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးချယ်ရရှိသော မျိုးဆက်သစ်အားကစားသမားများကို အားကစားအဖွဲ့ချုပ်အသီးသီးတွင် စခန်းသွင်းလေ့ကျင့်ခြင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းနှစ်ကျောင်းတွင် သင်ကြားလေ့ကျင့်ပေးခြင်းများဆောင်ရွက်ကာ မြန်မာ့လက်ရွေးစင်များအဖြစ် ရွေးချယ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှ ခေတ်မီအားကစားနည်းစနစ်များကို လေ့လာသုတေသနပြုကာ ပြန်လည်အသုံးချနိုင်ရေး၊ ဆေးပညာဖြင့် အားကစားတိုးတက်မြင့်မားရေးကို အထောက်အပံ့ပေးနိုင်ရေးအတွက် အားကစားဆေးပညာ သုတေသနပြု ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

အားကစားအဖွဲ့ချုပ် (၁၈)ခုတွင် အရည်အချင်းမီ နိုင်ငံခြားနည်းပြ (၂၈) ဦး ငှားရမ်းအသုံးပြုလျက်ရှိပြီး ကျန်အားကစားအဖွဲ့ချုပ်များတွင်လည်း အလားတူ အရည်အချင်းမီ နိုင်ငံခြားနည်းပြများ ငှားရမ်းအသုံးပြုနိုင်ရေး၊ လက်ရွေးစင်အားကစားသမားများ မိမိတို့ထက် စံချိန်ကောင်းမွန်သော နိုင်ငံခြားလေ့ကျင့်ဖက် အားကစားသမားနှင့် ပူးတွဲလေ့ကျင့်၍ လက်ရှိစံချိန်များထက် ပိုမိုကောင်းမွန်လာစေရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် အားကစားနည်းအလိုက် ပြည်ပတွင် သွားရောက်ပူးတွဲလေ့ကျင့်ခြင်း၊ လက်ရည်စမ်းယှဉ်ပြိုင်ကစားခြင်း၊ နိုင်ငံခြားအားကစားအဖွဲ့များဖိတ်ခေါ်၍ လက်ရည်စမ်းယှဉ်ပြိုင်ကစားခြင်းများကိုလည်း ဆောင်ရွက်လျက် ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ အားကစားသမားကောင်းများ ပေါ်ထွက်လာနိုင်ရေးအတွက် အရေးပါသော အားကစားသမားများ၏ လက်ရှိဘဝနှင့် အနာဂတ်ဘဝခိုင်မာရေး ဆောင်ရွက်လျက်ရှိပြီး ဥပဒေတစ်ရပ်ဖြစ်ပေါ်ရေးကို စဉ်းစားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်စေမည့် အားကစားနည်းများကို အတွေ့အကြုံရင့်ကျက်သော နိုင်ငံတကာမှ နည်းပြဆရာများကို ယခုထက်ပို၍ ငှားရမ်းလေ့ကျင့်ရန်နှင့် လက်ရည်စမ်းပွဲ၊ ခြေစမ်းပွဲများကို နိုင်ငံခြားမှ အားကစားသမားများ၊ အသင်းများဖိတ်ခေါ်ပြီး ယခုထက်ပို၍ ယှဉ်ပြိုင်စေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးက စုပေါင်းလက်မှတ်ရေးထိုး၍ ဩဂုတ် ၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ပြည်သူ့ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေးလိုလားသူများအတွက် အိတ်ဖွင့်ပေးစာအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစတီဖန်က လွှတ်တော်သို့တင်ပြရာ လွှတ်တော်က သဘောတူသည့်အတွက် မှတ်တမ်းတင်ခြင်းဆောင်ရွက်သည်။ ၎င်းအိတ်ဖွင့်ပေးစာအား ဩဂုတ် ၉ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပြီးဖြစ်သည်။

ခံစားခွင့်ပြုထား

ဆက်လက်၍ ဩဂုတ် ၂၅ ရက်ကတင်သွင်းခဲ့သော သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"၂၁ရာစုနှင့် ညီညွတ်သော လူ့ဂုဏ်သိက္ခာကို အာမခံသော အကျဉ်းထောင်များ အက်ဥပဒေသစ်တစ်ရပ်မူကြမ်းရေးဆွဲပြုစုပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ တင်သွင်းဆွေးနွေးနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များပြုလုပ်ပေးပါရန်"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက ဆွေးနွေးကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက အကျဉ်းသားများနှင့်ပတ်သက်၍ အကျဉ်းထောင်၊ အလုပ်စခန်း၊ ဘဝသစ်စခန်းများရှိ အကျဉ်းသားများ၏လုပ်အားကို အလဟဿမဖြစ်စေဘဲ နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အကျိုးရှိစေရန်ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများကို ပါဝင်လုပ်ဆောင်စေလျက်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းအတွက် လုပ်ဆောင်သည့် အကျဉ်းသားများအား လုပ်အားခများ ခံစားခွင့်ပြုခဲ့ပါကြောင်း၊ လုပ်အားခရငွေများကို စနစ်တကျ စုဆောင်းထားရှိပြီး ထောင်မှလွတ်သည့်အခါ အားလုံးကို ပြန်လည်ထုတ်ပေးပါကြောင်း၊ ဘဝသစ်စခန်းများတွင် အကျဉ်းသားများအား လုပ်အားရှင်များဟုခေါ်ဆိုပြီး လုပ်အားခရငွေများ စုဆောင်းထားပိုင်ခွင့်ရှိခြင်း၊ မိသားစုများလာရောက်လည်ပတ်ခွင့်၊ အတူနေထိုင်ခွင့်များ ခွင့်ပြုပေးထားခြင်း၊ ဆေးရုံ ဆေးပေးခန်းနှင့် စာသင်ကျောင်းများ ဖွင့်လှစ်ပေးထားခြင်း၊ ပြစ်ဒဏ်မှလွတ်မြောက်ပြီး ဘဝသစ်စခန်း၌ပင် ဆက်လက်နေထိုင်လိုပါက နေအိမ်ဆောက်လုပ်ပေးခြင်း၊ လယ်ယာမြေပိုင်ဆိုင်ခွင့်ပေးခြင်း၊ လယ်ယာသုံးပစ္စည်းများအခမဲ့ ထုတ်ပေးခြင်း၊ စိုက်ပျိုးစရိတ်များထုတ်ပေးခြင်း စသည့်အခွင့်အရေးများ ခံစားခွင့်ပြုထားပြီး သာမန်ပြည်သူတို့၏ဘဝအတွင်း ဂုဏ်သိက္ခာရှိစွာ ပြန်လည်နေထိုင်ခွင့်ရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် ပြစ်ဒဏ်ကျအကျဉ်းသားများအား ပြစ်ဒဏ်ပေးသည့် သဘောတစ်ခုတည်းမဟုတ်ဘဲ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများကို ပြုပြင်ပြောင်းလဲပေးရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးခြင်း၊ စိတ်နှလုံးသိမ်မွေ့နူးညံ့စေရန် တရားစခန်းများ ဖွင့်လှစ်ပေးထားခြင်း စသည်ဖြင့် အကျဉ်းသားများ နောက်တစ်ကြိမ် ထပ်မံပြစ်မှုကျူးလွန်လိုသောစိတ်ပပျောက်ပြီး လူကောင်းသူကောင်းများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံအကျဉ်းထောင်ဥပဒေ (၂၀၀၆) (မူကြမ်း)ကို ဥပဒေမူကြမ်းအဆင့်သို့ ပြင်ဆင်ရေးဆွဲထားရှိပြီး လွှတ်တော်သို့တင်ပြနိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေပြီဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

သို့ဖြစ်၍ ဦးသိန်းညွန့်၏အဆိုသည် ဆက်လက်ဆောင်ရွက်ရန် မလိုတော့သောအဆိုဖြစ်ကြောင်း လွှတ်တော်ကသဘောတူဆုံးဖြတ်သည်။

ဩဂုတ် ၂၃ ရက်ကတင်သွင်းခဲ့သည့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း"** ကို အတည်ပြုရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ထောက်ခံဆွေးနွေးကြပြီး လွှတ်တော်ကသဘောတူသည့်အတွက် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုများတင်သွင်းခြင်းကဏ္ဍ၌ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **"၁၉၅၀ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေ (အက်ဥပဒေအမှတ်-၁၇/ ၁၉၅၀)ကို ရုပ်သိမ်းပေးပါရန်"** အဆိုကိုတင်သွင်းသည်။

ယင်းအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် ဩဂုတ် ၃၀ ရက် (အင်္ဂါနေ့)တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်း၌ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေကြမ်း"** ကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လွှတ်တော်သို့တင်သွင်းရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ရေးဆွဲတင်ပြရန် လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ်သည်။

ယနေ့ လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရပ်နားပြီး အစည်းအဝေးသတ္တမနေ့ကို ဩဂုတ် ၃၀ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

F-18 (Suspension Tower) အား သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားကြောင်း သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးရာ တာဝါတိုင်၏ အောက်ခြေ ခြေထောက်လေးချောင်းအနက် ခြေထောက်နှစ်ချောင်းမှာ ကျိုးပြတ်၍ အောက်ခံကွန်ကရစ်ခုံပေါ်တွင် ထောက်လျက်ရှိပြီး တစ်ချောင်းမှာ အနည်းငယ်ကွဲအက်လျက်ရှိကာ ကျန်တစ်ချောင်းမှာ ထိခိုက်ပျက်စီးမှု မရှိခဲ့ကြောင်း၊ တာဝါတိုင်မှာ (၂)ဒီဂရီခန့် တိမ်းစောင်းသွားသော်လည်း ဓာတ်အားပြတ်တောက်မှုမရှိခဲ့ကြောင်း တာဝါတိုင်အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးစီး ဝန်ထမ်း ၂၀ နှင့် မဟာဓာတ်အားလိုင်းမှူး (မန်စံ) ဦးစီး ဝန်ထမ်း ၂၀ တို့က ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

တစ်ဖန် အရေးပေါ်အကူအညီလိုအပ်နေသူများနှင့် ဆက်သွယ်ရနိုင်အောင်လည်း နည်းပညာထည့်သွင်းထုတ်လုပ်ထားသည်။ ဒဏ်ရာရရှိသူတစ်ဦး တည်ရှိနေသည့်နေရာနှင့် အရေးပေါ်ဘေးကင်းစေနိုင်သည့် နည်းလမ်းများကို အကူအညီပေးရေး စက်ရုပ်များကသိရှိပြီး အရောက်လာကာ ကူညီပေးမည်ဖြစ်ကြောင်း အယာနာဟိုးဝပ်နှင့် ပေါလ်ရှိဘင်တီတို့က ပြောကြားသည်။ ။

(အင်တာနက်)

ရေပြင်အသက်ကယ်ဆယ်ရေးသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ရေပြင်အသက်ကယ်ဆယ်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သားခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးတက်ရောက် သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ သင်တန်းကို စက်တင်ဘာ ၉ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

30-8 (04).pmd 1 8/30/2011, 4:06 AM

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တိုကျိုမြို့ အခြေစိုက် GRIPS ဒုတိယဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် National Graduate Institute for Policy Studies (GRIPS) ဒုတိယဥက္ကဋ္ဌ မစ္စတာဂျိမ်းစ်ရိုဲစ်သည် ယနေ့ ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍**(ယာပုံ)** နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား Marubeni Corporation မှ Executive Officer နှင့် Regional CEO for ASEAN, Mr. Hiroshi IKUNO ဦးဆောင်သည့်အဖွဲ့ဝင် ၁၃ ဦး တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံ၍**(ဝဲပုံ)** ကုန်သွယ်မှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာ များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျစ်လျူရှုခြင်း၊ ဝတ်ကျေတန်းကျေဆောင်ရွက်ခြင်း ရှောင်ရှား ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်ပြီး ရိုင်းပင်းကူညီစောင့်ရှောက်

နေပြည်တော် ဩဂုတ် ၂၉

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ဦးစီးအရာရှိများ၏ စိတ်ဓာတ်၊ ခံယူချက်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်၍ ဒေသခံပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် အဆင်ပြေချောမွေ့စေရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးဆိုင်ရာလုပ်ငန်းများ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးတို့အတွက် ဥပဒေ၊ နည်းပညာ၊ လုပ်ထုံးလုပ်နည်းများ စနစ်ကျ မှန်ကန်စေရေး၊ နိုင်ငံတော်၏ ဒီမိုကရေစီ နိုင်ငံတော်သစ်အဖြစ် ကူးပြောင်းကျင့်သုံးနေသော မူဝါဒများကို သိရှိနားလည်နိုင်ရေး၊ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများအား ဆင့်ပွားလေ့ကျင့်ပေးနိုင်ရေး၊ ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးဟူသည့် ရည်ရွယ်ချက်များဖြင့် မြို့နယ်သစ်တောဦးစီးအရာရှိများ၏ စွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၃)ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တောသုတေသန စုဝေးခန်းမ၌ ဖွင့်လှစ်သည်။

ယင်းသင်တန်းဖွင့်ပွဲတွင် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းအကောင်အထည်ဖော်မှုများကို အမြဲမပြတ် ကွင်းဆင်းစစ်ဆေးရန်၊ အောက်ခြေဝန်ထမ်းအဆင့်ဆင့်၏ ဆောင်ရွက်မှု အခြေအနေကို ကြီးကြပ်ကွပ်ကဲရန်နှင့် အထက်အဆင့်ဆင့်သို့ တင်ပြအစီရင်ခံရန်၊ တာဝန်ယူဖြေရှင်းနိုင်သည့် ကိစ္စရပ်များကို လုပ်ပိုင်ခွင့်အရ ဖြေရှင်းရန်၊ လျစ်လျူရှုခြင်း၊ ဝတ်ကျေတန်းကျေ ဆောင်ရွက်ခြင်းများ ရှောင်ရှားရန်၊ အုပ်ချုပ်ရေးအမြင်၊ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်များကို အခြေခံ၍ ဆောင်ရွက်ရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်ပြီး ရိုင်းပင်းကူညီစောင့်ရှောက်ရန်၊ စည်းရုံး စီမံအုပ်ချုပ်ရန်တို့ကို ဦးစီးအရာရှိများက နှလုံးသွင်းခံယူ ဆောင်ရွက်သွားကြရန် အဖွင့်အမှာစကား ပြောကြားရာ၌ ထည့်သွင်းမှာကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစီးအရာရှိ အဆင့် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာယနေ့မှစ၍ ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြို့နယ်သစ်တောဦးစီးအရာရှိများ၏ စွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၀ ၉။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေး နှင့်ခေတ်ဟောင်းတေး) ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသမီး)**
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ **စပါးကရွှေ၊ ငါးကငွေ**
- ၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (သမိုင်းအထူးပြု) (ပထဝီဝင်)
- ၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၅၀ ၆။ ကြေးမုံရိပ်သွင်တေးနယ်ညီ
- ၅:၀၅ ၇။ အတီးပြိုင်ပွဲ
- ၅:၁၅ ၈။ ရင်မှာစွဲထင် တေးအလှသံစဉ်
- ၅:၄၀ ၉။ **၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင် ကြရန် (ကာလပေါ်တေး နှင့်ခေတ်ဟောင်းတေး) ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသမီး)**
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၂၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ ရယ်စရာဟာသများ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပန်းသုံးပွင့်ရဲ့ဒိုင်ယာရီ** (အပိုင်း-၆)
- ၂၀။ အစီအစဉ်ပြီး၏။

အရှုံးအနိုင်ကို အဓိကမထားဘဲ အနုပညာအဆင့်အတန်းမြင့်မြင့် ယှဉ်ပြိုင် အောင်မြင်မှုများရရှိအောင် ရည်မှန်းချက်ထားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

ပုသိမ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေးနာယက ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ယခုကျင်းပမည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်ပညာရှင်များအနေဖြင့် ထိုက်တန်သောဆုများ ရရှိအောင် ကြိုးစားကြစေလိုကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် ပညာရှင်များအနေဖြင့် အရှုံး၊ အနိုင်ကို အဓိကမထားဘဲ အနုပညာအဆင့် အတန်းမြင့်မြင့် ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ နည်းပြများ၊ အုပ်ချုပ်သူများက ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အဆင့် အလိုက် ဝါသနာရှင်၊ ပညာရှင်များအား ကြိုးစားအားထုတ်မှု၊ လေ့ကျင့်သားပြည့်ဝမှုဖြင့် စည်းလုံးညီညွတ်စွာ ပါဝင်ယှဉ်ပြိုင်ကြရေးကို အလေးထား ကြပ်မတ် ဆောင်ရွက်စေလိုကြောင်းနှင့် အောင်မြင်မှုများရရှိအောင် ရည်မှန်းချက်ထား ယှဉ်ပြိုင်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်း ဒေသကြီး (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်က ပြိုင်ပွဲ ကျင်းပရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်အလိုက် ပညာရှင်များက မိမိတို့ခရိုင်အတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက် ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။ **(သတင်းစဉ်)**

စာနယ်ဇင်းကျင့်ဝတ်များရေးဆွဲရေး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆွေးနွေးဆုံးဖြတ်

နေပြည်တော် ဩဂုတ် ၂၉

နေပြည်တော်နှင့်တိုင်းဒေသကြီး/ ပြည်နယ်များ၌ မီဒီယာကော်နာဆိုင်ခန်းများ ဆက်လက်ဖွင့်လှစ်ရေး၊ မြန်မာနိုင်ငံ စာနယ်ဇင်းဆရာများအတွက် စာနယ်ဇင်း ကျင့်ဝတ်များရေးဆွဲရေး၊ WIPO ဌာနချုပ်နှင့်ပူးပေါင်း၍ National Seminar ကျင်းပရေးတို့ကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် (ဒုတိယထပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ(၈/၂၀၁၁)အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

အဆိုပါ အစည်းအဝေးတွင် အဖွဲ့ဥက္ကဋ္ဌဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်) က ယခင်(၇/၂၀၁၁) အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

ရူပဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တက္ကသိုလ် ရူပဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ (၁၉၉၁-၁၉၉၄)၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၁၁-ခုနှစ် နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) အမျိုးသားနေ့တွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ၊ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဒေါက်တာ ဇော်လင်းသူ ဖုန်း-၀၉-၅၀၀၆၀၂၄၊ ကိုဆန်းလင်း ဖုန်း-၀၉-၅၀၁၁၅၉၇၊ မအိအိ ဖုန်း-၀၉-၅၀၅၄၈၀၀၊ ကိုသူရဝင်း ဖုန်း-၀၉-၇၃၁၄၄၀၇၀၊ မမီမီကျော် ဖုန်း-၀၉-၅၀၀၄၃၅၄၊ မမေသွယ်ဦး ဖုန်း-၀၉-၅၁၆၄၇၇၈၊ ကိုအောင်ဇော်မိုး ဖုန်း-၀၉-၅၁၇၉၉၃၁နှင့် ကိုညီညီလွင် ဖုန်း-၀၉-၅၅၀၁၁၇၃တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ ပိုမိုထည်ဝါစေရအောင် စွမ်းဆောင် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များကို အရည်အသွေး ပိုမိုမြင့်သည်ထက်မြင့်အောင် တီထွင်မြှင့်တင် နိုင်ငံတကာသို့ ပိုမိုဝင်ရောက်ထိုးဖောက်ပျံ့နှံ့နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ အနုပညာဦးစီးဌာန အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်အထူးပြု ကျောင်းသူများ၏ မှန်ရဝေယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၉

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် (၁၅)ကြိမ်မြောက် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် စင်တင် တင်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်များကောင်စီမှ ကောင်စီဝင်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အနုပညာဘာသာရပ် အကဲဖြတ် အနုပညာရှင်ကြီးများ၊ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) တာဝန်ခံ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ ဆရာမများ၊ ကျောင်းဆင်း ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များသည် ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင် ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစာတမ်းများ၊ ဂုဏ်ထူးတန်း၊ တတိယနှစ်နှင့် ဘွဲ့လွန်ဒီပလိုမာ ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစွမ်းရည်ပြ ပန်းချီကားများနှင့် ပန်းပုလက်ရာမွန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စင်တင် တင်ဆက်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကား ပြောကြားပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို ထိန်းသိမ်း၊ ဖော်ထုတ်၊ တီထွင်၊ ဆန်းသစ်၊ ပေါင်းစပ်၊ မြှင့်တင်ပေးခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်သိက္ခာ ပိုမိုထည်ဝါစေရအောင် စွမ်းဆောင်ကြရန်၊ မိမိတို့၏ အနုပညာအရည်အသွေးများကို ထာဝစဉ်မြှင့်တင်ပြီး နိုင်ငံတကာအထိ ထိုးဖောက်နိုင်သော၊ ထူးချွန်သော အနုပညာရှင်များ ဖြစ်အောင် ကြိုးပမ်းတည်ဆောက်သွားကြရန်၊ အမိတက္ကသိုလ်မှ သင်ကြားပေးလိုက်သည့် မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များကို ရိုးရာအမွေအနှစ် ထိန်းသိမ်းပြီး အရည်အသွေး ပိုမိုမြင့်သည်ထက်မြင့်အောင် တီထွင်မြှင့်တင်ဖော်ထုတ်ခြင်းအားဖြင့် ယနေ့ လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံးက ပိုမိုလက်ခံ၊ လေးစားမြတ်နိုးတန်ဖိုးထားလာအောင် ဆောင်ရွက်ကြရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို နိုင်ငံတကာသို့ ပိုမိုဝင်ရောက် ထိုးဖောက်ပျံ့နှံ့နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် အထူးပြုကျောင်းသား ကျောင်းသူများက မောင်မယ်တူစွာ ဆိုင်းဘယ်ညာ၊"သန္တိဌာန်(၄)ရပ်" တေးသီချင်း၊ မောင်မယ်စုံညီ ပွဲဦးကကြိုးသီ၊ ချမ်းမြေ့လန်းရွှင် စောင်းသံယဉ်(တီးလုံး)၊ စန္ဒရားတူရိယာဖြင့် "သောင်းသောင်းညံ ရေလားဘွဲ့(ယိုးဒယား)"သီချင်း၊ မှန်ရဝေယိမ်းအက၊ အနုပညာ ကျောင်းတော်မဟာ တေးသီချင်း၊ ပလွေတူရိယာဖြင့် ကျေးလက်တေးသွား သံစုံ၊ "သွေးချင်းတို့ဌာနေ မောတို့ပြည်" ရုပ်သေးအော်ပရာ၊ ပတ္တလားတူရိယာဖြင့် ကုဏ္ဍလာကန်ဘွဲ့ (ယိုးဒယား)သီချင်း၊ ခြောက်လုံးပတ်သုံးစုံဖြင့် တီးခတ်တင်ဆက်ခြင်း၊ ပွင့်သောပန်းများ လန်းရာမြေ တေးသရုပ်ဖော်အက၊ တယောအဖွဲ့လိုက် တင်ဆက်ခြင်း၊ ခုနစ်ပွင့်ဆိုင် တီးလုံး၊ ညီညာလှပမင်းသားအက၊ တူရိယာအစုံဖြင့် ရွှေဘို သနပ်ခါး သီချင်း၊ ရွှေတညာ(ယိုးဒယား)သီချင်း၊ ပေါင်းကူးယှက်နွယ် ချစ်ကြိုးသွယ် (လူနှင့်ရုပ်သေးနှစ်ပါးသွား)၊ "ဖြောင့်မတ်တည်ကြည် မောင်ဘစီ" ပြဇာတ် နှင့် "အမှားပြင်မှ အမှန်ရ" ဇာတ်တော်ကြီးတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကျောင်းသား ကျောင်းသူများ သရုပ်ဆောင်ရိုက်ကူးထားသည့် "မှန်ကန်ခြင်းနှင့် ရဲရင့်ခြင်း"၊ "မေမေ ကြက်ရိုးစွဲသွားသည်"နှင့် "လူရိုး" ရုပ်ရှင်တို့ဖြင့် ပြသကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် အနုပညာရှင်ကြီးများ၊ ဆရာ ဆရာမများ၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ဂုဏ်ထူးတန်း၊ တတိယနှစ်နှင့် ဘွဲ့လွန်ဒီပလိုမာ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ဂုဏ်ထူးတန်း၊ တတိယနှစ်နှင့် ဘွဲ့လွန်ဒီပလိုမာ ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစွမ်းရည်ပြ ပန်းချီကားများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရောဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၂၉

ရောဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဇလွန်မြို့တွင် ၁၁၄၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ခြေတစ်လှမ်းဦး မင်္ဂဖိုလ်ကူး** တရားတော် (မဏိရတနာ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၆:၃၅	ရန်ကင်းမြို့ ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၁)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၃)
၈:၅၀	ezy Acoustic Show (Part-1)
၉:၄၀	Cartoon Show Time (The Last Unicom)
၁၀:၂၀	မေတ္တာလက်ဖြင့် အလင်းသစ်သို့ ဖန်တီးရာ မြင်းမူမြို့မှာ···
၁၀:၄၅	Celebrity Style (ဟဲလေး)
၁၁:၁၀	International Show Biz
၁၁:၃၀	Europen American အစားအစာများနှင့် Cafe-Delight
၁၁:၄၀	ပေါင်းစုလို့ဆင်နွှဲ (၇)ရက် သားသမီးအမြဲတမ်းအလှူရှင်များ အဖွဲ့၏ အလှူပွဲ
၁၂:၀၀	သင်ကြားရေးလမ်းညွှန် (STRATEGY FIRST) (Strategy , Brand & Marketing Institute)
၁၂:၁၅	Activities in the City အမက (၁) ဗဟန်း မိခင်၊ ဖခင်များ၏ အာဟာရနှင့် ပြည့်စုံသော အစားအစာချက်ပြုတ်ပြိုင်ပွဲ
၁၂:၃၅	ကြည်နူးဝမ်းသာ သာခုခေါ်စရာ မုံရွာမြို့မှ အလှူတော်မင်္ဂလာ
၁:၀၀	**ခြေတစ်လှမ်းဦး မင်္ဂဖိုလ်ကူး** တရားတော် (မဏိရတနာ ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၁:၄၀	ရွှေမန္တလာမြေမှ သာသနာ့အလင်းရောင်
၂:၀၀	MRTV-4 သတင်း
၂:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Myanmar Tourist Guides Association)
၂:၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **I Love You**
၃:၀၅	တစ်သက်တာစိတ်အေးဖို့ သစ်မွေးစိုက်ကြစို့
၃:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၁)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၃)
၅:၀၀	နေရာလွဲမှား သားအိမ်အတွင်းသား [ဆေးပညာရှင်များတွေ့ဆုံ ဆွေးနွေးခြင်း (ပထမပိုင်း)] (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
၅:၂၀	The Champion of Dance
၆:၀၀	MRTV-4 သတင်း
၆:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၁၂)
၇:၀၅	ezy Acoustic Show (Part-2)
၈:၀၀	MRTV-4 သတင်း
၈:၃၀	Celebrity Choice(မိုးအောင်ရင်)
၉:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၅၄)
၁၀:၃၀	အနုပညာမိုးကောင်းကင်
၁၀:၅၀	**တစ်ပါးသီလ (၂)** ဖိုးသောကြာ၊ မြင့်စိုင်းသားအောင်အောင်၊ ဦးစောနိုင် (ရှမ်းပြည်)၊ ဒေါ်တင်တင်လှ၊ ဟန်လေး ဒါရိုက်တာ-တင်မောင်အေး
၁၁:၄၀	World Championships in Athletics Daegu
၁၂:၄၀	မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်)
၁၂:၅၅	World of Knowledge (Mega Structures; ICE Hotel)
၁:၄၀	ကြည်လင်တောက်ပြောင်မှုနှင့် ထပ်တူ
၁:၅၀	ဖန်တီးသူနှင့် အနုပညာ (ချစ်သုဝေ) (အပိုင်း-၁)
၂:၂၀	လူကုန်ကူးမှုတိုက်ဖျက်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့
၂:၃၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (ဖန်စီလက်ကောက်၊ ဆွဲကြိုး၊ နားကပ်လေးတွေ လုပ်ကြရအောင်)
၂:၅၅	ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း
၃:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀	လေ့လာမြတ်နိုး ထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၄:၂၅	လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၄:၄၀	လှမ်းလာခဲ့ပါ··· နှောင်အင်းလေးကကြိုနေမှာ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၅ ဒသမ ၃၉ လက်မ၊ ထားဝယ်မြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ဂန့်ဂေါမြို့တွင် ၃ ဒသမ ၇၈လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၅၄လက်မ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၅၁လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မြင်းခြံမြို့တွင် ၂ ဒသမ ၆၄ လက်မနှင့် ပခုက္ကူမြို့တွင် ၂ ဒသမ ၄၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက် နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး ကချင်ပြည်နယ်၌ အားသွန်ခွန်စိုက် လျင်မြန်စွာကြိုးစားဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စည်ပင်သာယာဈေး(၁)နှင့်(၂)၊ ဆိပ်ကမ်းသားငါးဈေးတန်းတို့ကို လှည့်လည်ကြည့်ရှုပြီး ဈေးအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဈေးမိဈေးဖများ၊ ဈေးသူ ဈေးသားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ လက်လုပ်လက်စား အလုပ်သမားများနှင့် တွေ့ဆုံ၍ လုပ်ငန်းတူ မျိုးတူအစုအဖွဲ့များအား စိတ်တူ ကိုယ်တူ သဘောထားတူညီသူများဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးသည်။

တွေ့ဆုံ

ဆက်လက်၍ မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေး လုပ်ငန်းရှင်များ၊ ဥယျာဉ်ခြံသစ်သီးဝလံစိုက်ပျိုးသူများ၊ ပြည်နယ်သမဝါယမအသင်းစုချုပ်၊ သမဝါယမအသင်းများမှ လုပ်ဖော်ကိုင်ဖက်များ၊ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားသူ ဒေသခံတိုင်းရင်းသားပြည်သူအင်အား ၁၁၀၀ ခန့်နှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်က စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အပိုဝင်ငွေရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ဆောင်ရွက်သွားရန်၊ စိုက်ခင်းများတွင် သီးထပ်စိုက်ပျိုးရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်မည့် နည်းပညာနှင့် စက်ကိရိယာများကို စနစ်တကျအကျိုးရှိစွာ အသုံးချရန်၊ ပြည်နယ်အတွင်း စိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားအလိုက် မျိုးတူအစုအဖွဲ့များဖွဲ့စည်းဆောင်ရွက်ရန် အကြံပြုဆွေးနွေးသည်။

ဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ကျန်လုပ်ငန်း(၇)ရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အထောက်အပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများကို တက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်နေရာတွင် ကချင်ပြည်နယ်၌လည်း အားသွန်ခွန်စိုက်လျင်မြန်စွာ ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တက်ရောက်လာကြသော ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာဈေးရှိ သမာဓိငွေစုငွေချေး သမဝါယမအသင်းခန်းမ၌ အသင်းသားများနှင့်တွေ့ဆုံရာ တာဝန်ရှိပုဂ္ဂိုလ်များက သမဝါယမကဏ္ဍမှ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကချင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီးက ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များ၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့များ၏ သမဝါယမအသင်းများဖွဲ့စည်းရေး ကွင်းဆင်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဥယျာဉ်ခြံသစ်သီးဝလံစိုက်ပျိုးသူများ၊ ပြည်နယ်သမဝါယမအသင်းစုချုပ်၊ သမဝါယမအသင်းများမှ လုပ်ဖော်ကိုင်ဖက်များ၊ သမဝါယမလုပ်ငန်းကို စိတ်ပါဝင်စားသူ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်ဘာသာစကားနှင့် ICT နည်းပညာသင်တန်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၌ဖွင့်

နေပြည်တော် ဩဂုတ် ၂၉

အင်္ဂလိပ်ဘာသာစကားသည် Universal Language ဖြစ်ကာ ICT နည်းပညာသည် Information and Communication Technology ဖြစ်၍ အဆိုပါ ဘာသာရပ်နှစ်ခုကို တတ်မြောက်သွားပါက ဝန်ထမ်းတစ်ဦးချင်းစီ၏ အရည်အချင်းစွမ်းဆောင်ရည် (Capability) သည်လည်း နိုင်ငံတကာနှင့် တန်းတူရင်ပေါင်တန်း ယှဉ်ပြိုင်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအတတ်ပညာရှင်များကို သမားရိုးကျလုပ်ငန်းဆောင်ရွက်မှု အတတ်ပညာများသာမက ကွန်ပျူတာကျွမ်းကျင်မှု၊ အင်္ဂလိပ်ဘာသာအပါအဝင် ဘာသာရပ်များကျွမ်းကျင်မှု၊ သတင်းအချက်အလက်နည်းပညာနှင့် ခေတ်မီစက်ကိရိယာများ အသုံးပြုနည်းများကိုပါ သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို ကမ္ဘာနှင့် ရင်ပေါင်တန်းကာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ကလည်း လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် ICTကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် တစ်နေ့တခြား တိုးတက်ပြောင်းလဲနေသည့် နည်းပညာများကို မျက်ခြည်မပြတ်လေ့လာအသုံးချ ဆောင်ရွက်သွားပါက လုပ်ငန်းများတိုးတက်အောင်မြင်စေရေးတွင် များစွာ အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်းဖြင့် ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် အင်္ဂလိပ်ဘာသာစကားနှင့် ICT နည်းပညာ သင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၄ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ဝန်ကြီးဌာနအသင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် အသင်းလိုက် စတုတ္ထအဆင့်နှင့် အသန့်ရှင်းဆုံးဆုရရှိခဲ့သည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု ငွေဖလားရရှိခဲ့သည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဘောလုံးအသင်းခေါင်းဆောင် ဦးမန်းရွှေနှင့်အဖွဲ့က အသန့်ရှင်းဆုံးဆုငွေဖလားအား ပြည်ထောင်စုဝန်ကြီးထံ အပ်နှံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဘောလုံးအသင်းခေါင်းဆောင်ထံ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အင်္ဂလိပ်ဘာသာစကားနှင့် ICT နည်းပညာ သင်ကြားမည့် Language Lab Room ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ လုပ်ငန်းစွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသော တိုင်းဒေသကြီးရဲတပ်ဖွဲ့လုပ်ငန်းစွမ်းဆောင်ရည် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး မှုခင်းများကို စွမ်းစွမ်းတမံဖမ်းဆီးဖော်ထုတ်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ချီးမြှင့်သည်။

ဆုချီးမြှင့်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တိုင်းဒေသကြီးရဲတပ်ဖွဲ့လုပ်ငန်း စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မှုခင်းများကို စွမ်းစွမ်းတမံ ဖမ်းဆီးဖော်ထုတ်ခဲ့သော ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရ ကျောင်းတိုက်တော်ကြီး၏ ဆဋ္ဌအကြိမ် နှစ်ပတ်လည်အထိမ်းအမှတ်နှင့် တိပိဋကစာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရကျောင်းတိုက်တော်ကြီး၏ ဓမ္မာရုံ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့ တက်ရောက်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းထံ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆု ငွေဖလားရရှိခဲ့သည့် ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဘောလုံးအသင်းခေါင်းဆောင် ဦးမန်းရွှေနှင့်အဖွဲ့က အသန့်ရှင်းဆုံးဆု ငွေဖလားကို အပ်နှံစဉ်။ (သတင်းစဉ်)

ကိုယ်ပိုင်ယာဉ်များ မြို့တွင်း (၁)နာရီ မိုင် (၃၀)ထက် ပိုမမောင်းရ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၈-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၆။	မျိုးချစ်တပ်မတော်
၄း၂၀	၇။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၃၀	၈။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၉။	အင်္ဂလိပ်စာသုတ
၄း၄၅	၁၀။	မြန်မာသံစဉ်ချိုနားဝင်
၅း၀၀	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင့်ပြင်** (အပိုင်း-၃၂)
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၅။	အောင်မြင်ခြင်းလမ်းမ
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း** (အပိုင်း -၁၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဒို့တာဝန်အရေး(၃)ပါး
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	မွေးမြူသုတ
	၂၃။	ဟာသရုပ်စုံ
	၂၄။	သီချင်းလက်ဆောင်
	၂၅။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း -၃၅)
	၂၇။	Mini Series

ညှော်လမ်းညွှန်(အခြေခံ) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ဖွင့်လှစ်သော အကြိမ်(၄၀)မြောက် ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း(၁/၂၀၁၁)သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ကျင်းပရာ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှဌေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့သည်။သင်တန်းဆင်းပွဲအပြီးတွင် မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းရုံးခန်းကို အသင်းတည်ရှိရာ အမှတ်၄၃၃၊ (D 4) ကုန်သည်လမ်း ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၈)နှင့် အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၃၀)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြိုင်က သင်တန်းဖွင့်ပွဲ အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ်ကြီး ဒေါ်နန်းငွေလှက သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၅၈)၌ သင်တန်းသူ ၃၀ နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၀)၌ သင်တန်းသူ ၁၀ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ ကြီးကြပ်မှုနှင့် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ အစီအစဉ်ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား စုစည်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြင့် ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသိန်းဝင်းက **"တမူးနယ်စပ် ကုန်သွယ်ရေးစခန်းမှ အလတ်စား၊ အငယ်စား ကုန်သည်များအတွက် ကာလသတ်မှတ်ချက်ဖြင့် Individual Trading Card (ထသက)ထုတ်ပေးသည့်စနစ် ခွင့်ပြုပေးပြီး ကန့်သတ်ပိတ်ပင်ထားခဲ့သော ကုန်ပစ္စည်းများကို ကန့်သတ်ချက်ဖြေလျှော့၍ တရားဝင် တင်သွင်းခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် **"ကုန်သွယ်လုပ်ငန်းခွန်များကို ပုံမှန် ကုန်သွယ်ရေးလုပ်ငန်းများအတွက် ၈ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ လျှော့ပေးသကဲ့သို့ နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ပို့ကုန်ဆောင်ရွက်မှုအပေါ်တွင် လျှော့ချပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးမြန်းရာ တမူးနယ်စပ် ကုန်သွယ်ရေးစခန်းအပါအဝင် နယ်စပ်ကုန်သွယ်ရေးစခန်းများတွင် ၁၉၉၅ ခုနှစ် နယ်စပ်ကုန်သွယ်ရေးနယ်စခန်းများ စတင်ဖွင့်လှစ်စဉ် ကုမ္ပဏီဖွဲ့စည်းထူထောင်လုပ်ကိုင်ခြင်းမပြုနိုင်သေးသည့် ကနဦးကာလများက ထုတ်ကုန်သွင်းကုန်များ လုပ်ကိုင်နိုင်ရန်အတွက် ကုန်သည်တစ်ဦးချင်းကို Trading Card (ထသက)များကို ထုတ်ပေးခဲ့ကြောင်း၊ သို့သော် လုပ်ငန်းဆောင်ရွက်သူများ၏ စာရင်းဇယား မှန်ကန်တိကျမှုအားနည်းခြင်း၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ပီပြင်မှုနည်းပါးခြင်းနှင့် အခွန်စည်းကြပ်ရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့သည့်အတွက် အဆင့်မြှင့်၍ ကုမ္ပဏီဖွဲ့စည်းပြီး ပုံမှန်ကုန်သွယ်ရေးစနစ်ဆောင်ရွက်သည့် အလေ့အကျင့် ရရှိစေရန် ရည်ရွယ်ပြီး ဒေသအလိုက် (ထသက)ကတ် ထုတ်ပေးသည့်စနစ်ကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်တွင် ရပ်ဆိုင်းကာ ကုမ္ပဏီထူထောင်ပြီးမှသာ (ထသက)ကတ် ထုတ်ပေးသည့်စနစ်ကို ကျင့်သုံးခဲ့ခြင်း ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီမှတ်ပုံတင်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ထုတ်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသရှိ ကုန်သည်အလတ်စား၊ အငယ်စားများအနေဖြင့် ကုမ္ပဏီထူထောင်ရန်အခက်အခဲရှိပါက ဒေသတွင်း ထုတ်ကုန်၊ သွင်းကုန် သမဝါယမအသင်းအဖြစ် ဖွဲ့စည်းထူထောင်မှတ်ပုံတင်ပြီးနောက် ထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းရှင်(ထသက) မှတ်ပုံတင်ရရှိရေးကို နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနရှိ နယ်စခန်းရုံးများမှ ချိတ်ဆက်ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း။

တင်သွင်းခွင့်ပြု

ကန့်သတ်ပိတ်ပင်ထားသော ကုန်ပစ္စည်း (၉)မျိုးအနက် စားတော်ပဲနှင့် ကုလားပဲတို့အား နယ်စပ်ဒေသနေပြည်သူများ စားသုံးရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ သကြားနှင့်ပတ်သက်၍ ကြံလုပ်ငန်းရှင်များအသင်း၏ ထောက်ခံချက်ဖြင့် Refine Sugar အား တင်သွင်းခွင့်ပြုထားပြီး ရိုးရိုးသကြားအား ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူများ ထိခိုက်နစ်နာနိုင်သဖြင့် တင်သွင်းခွင့်မပြုပါကြောင်း၊ Refine Sugar တင်သွင်းရာတွင် စားသောက်ကုန်ဖြစ်၍ FDA ထောက်ခံချက်လိုအပ်မည်ဖြစ်ပါကြောင်း၊ စားအုန်းဆီကို လောလောဆယ် နယ်စပ်မှ တင်သွင်းခွင့်မပြုသေးဘဲ ပင်လယ်ရေကြောင်းမှသာ FDA ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း၊ နယ်စပ်မှတင်သွင်းလိုပါက တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမှု၊ ထောက်ခံကြီးကြပ်မှုဖြင့် ဒေသလိုအပ်ချက် ပမာဏအတွက် အစုအဖွဲ့ ကုမ္ပဏီဖွဲ့စည်း၍ FDA ထောက်ခံချက်ဖြင့် တင်သွင်းခွင့်တောင်းခံလျှင် ပိုမိုသင့်လျော်မည်ဖြစ်ပါကြောင်း၊ အာမွှေးနှင့်ပါပလာမှာ စားသောက်ကုန်ဖြစ်၍ FDA ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း၊ ဆေးဝါးအမျိုးမျိုး တင်သွင်းခွင့်နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ အစားသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့မှ ထုတ်ပေးသည့် ဆေးဝါးတင်သွင်းခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် (Drug Importation Approval Certificate)၊ ဆေးဝါးလက်လီလက္ကား ရောင်းချသူလိုင်စင် (Drug Registration Certificate) များဖြင့် ပြည့်စုံစွာတင်ပြလျှောက်ထားလာပါက တင်သွင်းခွင့်ပြုပေးလျက်ရှိပြီး FDA ထောက်ခံချက်လိုအပ်ပါကြောင်း၊ ဂျုံစေ့၊ ဂျုံမှုန့်နှင့်ပတ်သက်၍ ဂျုံစေ့အား တင်သွင်းခွင့်ပြုလျက်ရှိပြီး ဂျုံမှုန့်အား တင်သွင်းခွင့်မပြုကြောင်းနှင့် စက်ဘီးနှင့် စက်ဘီးအပိုပစ္စည်းအသစ်များကို တင်သွင်းခွင့်ပြုလျက်ရှိပါကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၁၁-၈-၂၀၁၁ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာသော အမိန့်ကြော်ငြာစာအမှတ် (၁၄၂/၂၀၁၁) ဖြင့် နယ်စပ်ကုန်သွယ်မှုတို့တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေရရှိပါက ယင်းရောင်းရငွေ စုစုပေါင်း၏ (၈)ရာခိုင်နှုန်းကို ကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန် သတ်မှတ်ထားခြင်းအစား (၅) ရာခိုင်နှုန်းသာပေးဆောင်ရန် လျှော့ပေါ့ပေးခဲ့ပါကြောင်း၊ နယ်စပ်ဖြတ်ကျော်ပုံမှန်ကုန်သွယ်ရေးနည်းလမ်းဖြင့် ရရှိသည့် နိုင်ငံခြားငွေအပြင် နယ်စပ်နည်းလမ်းဖြင့်ရရှိသည့် ကျပ်ငွေလည်း အကျုံးဝင်ပါကြောင်း၊ ၎င်းအပြင် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၁) ဖြင့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေချို၊ ရေငန်ထွက် ရေထွက်ပစ္စည်းများ၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ (ကန့်သတ်ကုန်ပစ္စည်းများမှအပ) ၏ ပြည်ပပို့ကုန် ရောင်းရငွေအပေါ် စည်းကြပ်ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဃ)အရ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ (၆)လ ကင်းလွတ်ခွင့်ပြုပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှိုင်ဦး၏ **"တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် လုံလောက်သောအရင်းအနှီးများကို လိုအပ်မည်ဖြစ်ပါကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းမီစိုက်ပျိုးရန် စပါးတစ်ဧက စိုက်ပျိုးစရိတ် ကျပ် (၂ ဒသမ ၂)သိန်းခန့်ကုန်ကျပါကြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း တစ်ဧကစိုက်ပျိုးစရိတ် (၁ ဒသမ ၇) သိန်းခန့် ကုန်ကျပါကြောင်း၊ တောင်သူလယ်သမားများအား နိုင်ငံတော်က လက်ရှိ ထုတ်ချေးပေးလျက်ရှိသော စိုက်စရိတ်နှုန်းထားများမှာ စပါးတစ်ဧက ကျပ်(၂၀၀၀၀)နှုန်းဖြစ်ပြီး ပဲတစ်ဧက ကျပ်(၁၀၀၀၀)နှုန်း ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်နှင့် ချေးငွေပမာဏ ကွာခြားမှုများပြားနေကြောင်း၊ သို့ဖြစ်ပါ၍ စိုက်စရိတ်တိုးမြှင့်ရရှိရေးအတွက် နိုင်ငံတော်၏စီမံမှုဖြင့် အထူးပြုကုမ္ပဏီများနှင့် သမဝါယမအသင်းအဖွဲ့များ၏ ပံ့ပိုးမှုများကိုရယူပြီး တစ်နိုင်ငံလုံး၏ စိုက်ဧကအားလုံး လွှမ်းခြုံမိအောင် ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိ၊ ရှိလျှင် မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

မေးခွန်းနှင့်စပ်လျဉ်း၍ အထူးပြုကုမ္ပဏီများ နှင့်သက်ဆိုင်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အပိုင်းနှင့်သက်ဆိုင်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမအသင်းများနှင့် ပတ်သက်သည့် သမဝါယမဝန်ကြီးဌာနတို့၏ ဖြေကြားချက်များကို စုစည်းဖြေကြားသွားမည်ဖြစ်ပါကြောင်း။

ဆန်စပါးအထူးပြု ကုမ္ပဏီနှင့်ပတ်သက်၍ မြန်မာ့ဆန်စပါးလောကနှင့် အခြားသီးနှံလောက ဖွံ့ဖြိုးရေးအတွက် ၂၀၀၉-၂၀၁၀ စိုက်ပျိုးရာသီမှစပြီး ဆန်စပါးအထူးပြုကုမ္ပဏီများနှင့် ပဲမျိုးစုံအထူးပြုကုမ္ပဏီများကို သတ်မှတ်အင်္ဂါရပ်များနှင့်အညီ ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၀၉-၂၀၁၀ စိုက်ပျိုးရာသီမှစ၍ ယနေ့အချိန်အထိ ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ မကွေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီဒေသအသီးသီးတွင် ဆန်စပါးအထူးပြုကုမ္ပဏီ (၃၉)ခု၊ ပဲမျိုးစုံ အထူးပြုကုမ္ပဏီ (၂၁)ခု စုစုပေါင်း အထူးပြုကုမ္ပဏီ (၆၀) ဖွဲ့စည်းမှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကုမ္ပဏီ (၆၀) အနေဖြင့် ၂၀၀၉-၂၀၁၀ မိုးစပါး၊ နွေစပါးစိုက်ပျိုးရာသီများတွင် တောင်သူ ၄၅၉၀၉ ဦး၊ စိုက်ဧက ၃၁၃၆၉၁ ဧကအတွက် စပါးစိုက်ပျိုးရန် စိုက်ပျိုးစရိတ်နှင့် သွင်းအားစု ပံ့ပိုးမှုတန်ဖိုးငွေပမာဏ ကျပ်သန်း ၁၆၉၄၇ ဒသမ ၃၁ (၁၆ ဒသမ ၉၄၇ ဘီလီယံ)၊ ၂၀၀၉-၂၀၁၀ ပဲမျိုးစုံစိုက်ပျိုးရာသီတွင် တောင်သူ ၁၅၅၆၄ ဦး၊ စိုက်ဧက ၁၁၆၂၈၁ ဧကအတွက် စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပံ့ပိုးမှုတန်ဖိုးငွေပမာဏ ကျပ်သန်း ၄၁၁၅ ဒသမ ၉၁ (၄ ဒသမ ၁၁၆ ဘီလီယံ)၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင်လည်း မိုးစပါး၊ နွေစပါး စိုက်ပျိုးရာသီတွင် တောင်သူ ၈၂၁၉၂ ဦး၊ စိုက်ဧက ၆၂၈၅၄၂ ဧကအတွက် ကျပ် သန်း ၂၉၃၁၈ ဒသမ ၆၇ (၂၉ ဒသမ ၃၁၉ ဘီလီယံ)၊ ၂၀၁၀-၂၀၁၁ ပဲမျိုးစုံစိုက်ပျိုးရာသီတွင် တောင်သူ ၁၈၇၄၇ ဦး၊ စိုက်ဧက ၁၇၈၅၂၁ ဧကအတွက် ကျပ်သန်း ၆၆၄၀ ဒသမ ၁၈ (၆ ဒသမ ၆၄ ဘီလီယံ) တို့ကို ပံ့ပိုးပေးခဲ့ပါကြောင်း၊ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာလည်း မိုးစပါးမှာ စပါးစိုက်တောင်သူ ၄၇၇၉၀ ဦး၊ စိုက်ဧက ၃၆၀၆၀၃ ဧကအတွက် စပါးစိုက်ပျိုးရန် စိုက်ပျိုးစရိတ်နှင့်သွင်းအားစု ပံ့ပိုးမှုတန်ဖိုးငွေပမာဏ ကျပ်သန်း ၁၆၃၃၃ ဒသမ ၅၅ (၁၆ ဒသမ ၃၃၄ ဘီလီယံ)၊ မိုးစိုက်ပဲမျိုးစုံအတွက် တောင်သူ ၃၉၃၄ ဦး၊ စိုက်ဧက ၁၆၉၆၄ ဧကအတွက် ကျပ်သန်း ၈၀၉ ဒသမ ၄ (၀ ဒသမ ၈၀၉ ဘီလီယံ)ကို ပံ့ပိုးပေးပြီး ဖြစ်ပါကြောင်း။ ယခုနှစ် မိုးစပါးနှင့်ပဲမျိုးစုံအတွက် အထူးပြုကုမ္ပဏီများမှ ဆက်လက်ပံ့ပိုးထုတ်ပေးနေဆဲဖြစ်ပါကြောင်း။

ထို့အပြင် ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီတွင် ဆန်စပါးအထူးပြုကုမ္ပဏီ (၁၁)ခု၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီ (၆)ခု၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ (၁)ခု စုစုပေါင်း (၁၈)ခုကို မြို့နယ် (၁၈) မြို့နယ်တွင် အသစ်ဖွဲ့စည်းရေးလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆန်စပါးအထူးပြုကုမ္ပဏီ (၅၀)၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီ (၂၇)ခုနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ (၁) ခု စုစုပေါင်း အထူးပြုကုမ္ပဏီ (၇၈)ခု ဖြစ်လာပြီဖြစ်ပြီး အထူးပြုကုမ္ပဏီများ ထပ်မံတိုးချဲ့ဖွဲ့စည်း၍ စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုတိုးတက်ပံ့ပိုးနိုင်အောင် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီတွင် စပါးတစ်ဧက ကျပ် ၂၀၀၀၀ နှုန်း၊ အခြားသီးနှံ တစ်ဧက ကျပ် ၁၀၀၀၀ နှုန်း ထုတ်ချေးလျက်ရှိရာမှ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ စပါးတစ်ဧက ချေးငွေ ကျပ် ၄၀၀၀၀ အထိ တိုးမြှင့်ထုတ်ချေးရန် ထပ်မံလိုအပ်ငွေ တစ်ဧက ကျပ် ၂၀၀၀၀ ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှစ၍ ထုတ်ချေးလျက်ရှိပါကြောင်း။

နေပြည်တော်ကောင်စီ၊ ရန်ကုန်၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၀၁၁-၂၀၁၂ စိုက်ပျိုးရာသီအတွက် မြို့နယ် (၅၀)တွင်ရှိသည့် လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်း (၁၃၂၂) သင်းမှ အသင်းသား ၂၂၂၄၃ ဦး စိုက်ဧက ၇၉၈၉၃ ဧကအတွက် ကျပ်သန်း ၃၅၇၀ ဒသမ ၉၃ (၃ ဒသမ ၅၇၁ ဘီလီယံ)ကို ပံ့ပိုးခဲ့ပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ ပြည်နယ်တိုင်းဒေသကြီး ၁၃ ခု၊ မြို့နယ် ၁၁၉ မြို့နယ်မှ အသင်း ၅၇၇ သင်း၏ စိုက်ဧက ၂၃၇၀၅၀ အတွက် စိုက်ပျိုးစရိတ် ပံ့ပိုးငွေကျပ် သန်း ၄၄၄၇ ဒသမ ၅၄ (၄ ဒသမ ၄၄၇ ဘီလီယံ) ပံ့ပိုးခဲ့ကြောင်း။

ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေနှင့် စပါးတစ်ဧကကို ချေးငွေ ကျပ် ၄၀၀၀၀၊ အခြားသီးနှံတစ်ဧကကို ကျပ် ၁၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး သမဝါယမဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စား ငွေစုငွေချေးအသင်း၊ စိုက်ပျိုးရေးထုတ်လုပ်မှု သမဝါယမအသင်းများမှတစ်ဆင့် တောင်သူများသို့ သီးခြားပံ့ပိုးထုတ်ပေးလျက်ရှိပါကြောင်း၊ ဆန်စပါးအထူးပြုကုမ္ပဏီများ၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီများကလည်း တောင်သူများလိုအပ်သည့် စိုက်ပျိုးစရိတ်၊ မျိုး၊ သွင်းအားစု၊ လယ်ယာသုံး စက်ကိရိယာများကို လက်ရှိပံ့ပိုးထုတ်ပေးနေလျက်ရှိသည့်အပြင် ဆန်ပဲအထူးပြုကုမ္ပဏီများ မြို့နယ်များတွင် တိုးချဲ့ဖွဲ့စည်းပြီး တောင်သူများကို ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်အနေဖြင့် တောင်သူများ စိုက်ပျိုးစရိတ် တိုးမြှင့်ရရှိရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အစီအစဉ်၊ အထူးပြုကုမ္ပဏီများနှင့် သမဝါယမအသင်းအဖွဲ့များ၏ ပံ့ပိုးမှုများကိုရယူပြီး တစ်ပြည်လုံး စိုက်ဧကအားလုံး လွှမ်းခြုံပြီး ပံ့ပိုးပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်မြင့်က **"တနင်္သာရီတိုင်းဒေသကြီး၏ အနောက်ဘက်ပင်လယ်ပြင်တွင် ကမ်းဝေးငါးဖမ်းလှေများဖြစ်သည့် ဒရွတ်ဆွဲ ဝါးလတ်လှေကြီးများသည် ကမ်းနှင့်တစ်မိုင်ခန့် အကွာအထိ ဝင်ရောက် ပိုက်ဆွဲငါးဖမ်းသဖြင့် ဒေသခံ ကမ်းနီးငါးဖမ်းလှေများအတွက် အခက်ကြုံနေရပါကြောင်း၊ ငါးမဖမ်းရကာလများတွင်ပင် ဝင်ရောက်ဖမ်းဆီးလျက်ရှိပါကြောင်း၊ ငါးမျိုးပြုန်းတီးစေနိုင်သည့် ပိုက်ကွက်စိပ်စိပ်များအသုံးပြုပြီး လျှပ်စစ်မီးအား ခွင့်ပြုဗို့အားထက် ပိုမိုအသုံးပြုကာ ဖမ်းဆီးနေသည့် မီးထွန်းလှေများမှာလည်း တားမြစ်ထားသည့်ကြားမှ ဥပဒေမဲ့ဝင်ရောက် ဖမ်းဆီးနေပါကြောင်း၊ နောင်တွင် ငါးမျိုးပြုန်းတီးပြီး ရှားပါးလာသည့်အဖြစ်မျိုး ကြုံတွေ့လာနိုင်ပါကြောင်း၊ ထို့ကြောင့် ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် သဘာဝမျိုးစိတ်များ မပျက်စီးစေရအောင် ရေရှည်လုပ်ဆောင်နိုင်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကမ်းရိုးတန်းတွင် ကမ်းခြေမှ (၁၀)မိုင်အကွာအဝေးအတွင်းရှိ ရေပြင်သည် ကမ်းနီးရေပြင်ဟုသတ်မှတ်ပြီး အလျားပေ (၃၀)နှင့် မြင်းကောင်ရေ (၂၀) ထက်မပိုသော အင်ဂျင်တပ်ဆင်ထားသည့် လှေငယ်များကိုသာ ကမ်းနီးငါးဖမ်းလိုင်စင်ရယူစေပြီး ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုလျက်ရှိပါကြောင်း၊ အလျားပေ (၃၀)နှင့် မြင်းကောင်ရေ (၂၀)ထက်ကြီးသောလှေများကို ကမ်းဝေးလှေအဖြစ် သတ်မှတ်ကာ ကမ်းခြေမှ (၁၀)မိုင်အကွာအဝေးအပြင်ဘက်တွင် ငါးဖမ်းလိုင်စင်ရယူစေလျက် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုထားပါကြောင်း၊ ဒရွတ်ဆွဲဝါးလတ်လှေကြီးများ အပါအဝင် ကမ်းဝေးငါးဖမ်းလှေများသည် ကမ်းနီးအတွင်း ဝင်ရောက်ဖမ်းဆီးပါက စည်းကမ်းပျက်လှေအဖြစ် သတ်မှတ်ကာ ဒဏ်ရိုက်အရေးယူမှုများ ပြုလုပ်ပါကြောင်း၊ စည်းကမ်းပျက်ငါးဖမ်းလှေများတွေ့ရှိပါက ငါးလုပ်ငန်းဦးစီးဌာနသို့ တိုင်ကြားလျှင် ဥပဒေစည်းမျဉ်းနှင့်အညီ အရေးယူမှာဖြစ်ကြောင်း။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦး တင် နိုင် သိန်း မေး မြန်း ချက် များကိုပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီ ငါးဖမ်းကွက်တွင် ကျွန်းစုမြို့နယ်၊ ဝက်ဖြူတောင်နှင့် သားများ အမိကျွန်းတစ်ဝိုက်ရှိ ငါးလုပ်ငန်းရေပြင်အား ငါး၊ ပုစွန် မျိုးပွားသည့် ရာသီချိန်တွင် ငါးမဖမ်းရနယ်မြေအဖြစ် နှစ်စဉ် သတ်မှတ်ထုတ်ပြန်ပါကြောင်း၊ ငါးမဖမ်းရနယ်မြေများတွင် ဝင်ရောက်ဖမ်းဆီးနေသော ငါးဖမ်းလှေများကို ဖော်ထုတ်တိုင်ကြားကြပါရန်နှင့် ဥပဒေစည်းမျဉ်းနှင့်အညီ အရေးယူသွားမှာ ဖြစ်ပါကြောင်း။

ထုတ်ပြန်ထားရှိ

ဝန်ကြီးဌာနအနေဖြင့် ငါး၊ ပုစွန် သယံဇာတ မျိုးမပြုန်းတီးစေရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖမ်းဆီးထုတ်လုပ်နိုင်ရေးအတွက် ငါးဖမ်းဆီးရာတွင် ဒရွတ်ဆွဲငါးဖမ်းပိုက်ကွက် (Cod End Mesh Size) အား (၂)လက်မအရွယ် သတ်မှတ်ထားပြီး ငါးမြှူကိရိယာ ဗို့အားမြင့်လျှပ်စစ်မီးအသုံးပြု၍ မြှူဆွယ်ဖမ်းဆီးခြင်းမပြုရန် ငါးလုပ်ငန်းဦးစီးဌာနမှ (၃၀-၄-၂၀၁၀) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၀)ဖြင့် ထုတ်ပြန်ထားရှိပြီး ဖြစ်ပါကြောင်း။

သတ်မှတ်ပိုက်ကွက် အရွယ်အစားများဖြင့်သာ ဖမ်းဆီးရာတွင် အသုံးပြုနိုင်ရန် ငါးဖမ်းလှေ မထွက်ခွာမီ သက်ဆိုင်ရာ စစ်ဆေးရေးစခန်းများတွင် ပိုက်ကွက်အရွယ်အစားများအား ဌာနဝန်ထမ်းများက စစ်ဆေးတိုင်းတာကြီးကြပ်ဆောင်ရွက်လျက် ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ငါးမျိုးပြုန်းတီးပြီး သားငါးရှားပါးလာသည့် အဖြစ်မျိုး မကြုံတွေ့စေရန် ပညာရှင်၊ လုပ်ငန်းရှင်များ စုံညီစွာပါဝင်သည့် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်၏ ငါး၊ ပုစွန်သယံဇာတ ရေရှည်တည်ရှိမှုနှင့် ထုတ်ယူသုံးစွဲမှုဆိုင်ရာ စာတမ်းဖတ်ပွဲကို ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပနိုင်ခဲ့ပြီး ဆွေးနွေးပွဲရလဒ်များအဖြစ် ငါးသယံဇာတထိခိုက်စေသည့် ငါးဖမ်းကိရိယာများကို ခွင့်မပြုရန်နှင့် သတ်မှတ်စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်သည့် စည်းကမ်းပျက်ငါးဖမ်းလှေများကိုလည်း ထိရောက်စွာ အရေးယူရန် ဆုံးဖြတ်ချက် (၃၇)ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ အဆိုပါဆွေးနွေးဆုံးဖြတ်ချက်များနှင့် South-east Asian Fisheries Development Center ၏ ဒေသတွင်း ရေရှည်ငါးသယံဇာတထိန်းသိမ်းရေး ညှိနှိုင်းဆောင်ရွက်ချက်များသည် သဘာဝမျိုးစိတ်များ မပျက်စီးစေရန် ရေရှည်လုပ်ဆောင်သွားမည့် အစီအမံများပင်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က **"တရားရုံးများညွှန်ကြားလွှာ (၈/၆၂) နှင့် (၈/၆၈)တို့အရ မြန်မာနိုင်ငံတော်ရှိ စက်ရှင်တရားသူကြီးများသည် အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေး၍ အစီရင်ခံမှု ရှိ/မရှိနှင့် အစီရင်ခံမှုရှိပါက တရားဝင်ထုတ်ပြန်ကြေညာမည့်အစီအစဉ်များ ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားရုံးများ ညွှန်ကြားလွှာအမှတ် (၈/၆၂) နှင့် (၈/၆၈)တို့မှာ စက်ရှင်တရားသူကြီးများက ရာဇဝတ်မှုများ စစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ/မရှိ သိရှိရန် အကျဉ်းထောင်များသို့ လစဉ် သွားရောက်စစ်ဆေးရန် ညွှန်ကြားခြင်းဖြစ်ပါကြောင်း၊ ထိုသို့ သွားရောက်စစ်ဆေးရင်း အချုပ်တရားခံများ၊ အကျဉ်းသားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးတို့ကိုလည်း မေးမြန်းကြည့်ရှုပြီး အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဖြစ်ပါကြောင်း၊ ယင်းညွှန်ကြားလွှာများကို ထုတ်ပြန်စဉ်က အကျဉ်းဦးစီးဌာနသည် တရားရေးဝန်ကြီးဌာနအောက်တွင် ရှိနေစဉ်ကာလဖြစ်ပါကြောင်း။

၁၉၇၄ ခုနှစ် ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ၊ ၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေနှင့် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေတို့တွင် သတ်မှတ်ထားသည့် တရားသူကြီးများသည် ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)

အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အတူ ၂၀၁၀ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၌လည်း အထက်ပါအတိုင်း ပြဋ္ဌာန်းထားပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ရောထွေးနေထိုင်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဇာယာဒ်ရော်မံ (ခ) ဦးဌေးဝင်းက **"ရခိုင်ပြည်နယ်၊ မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွား ဒေသခံမြန်မာမူဆလင် မဲဆန္ဒရှင်များသည် လွတ်လပ်စွာခရီးသွားလာနိုင်ခြင်း မရှိကြပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းတွင်သော်လည်းကောင်း၊ ရခိုင်ပြည်နယ်ပြင်ပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်းကောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတစ်ခုခုအတွက် ခရီးသွားလိုလျှင် (န-စ-က)၏ ဒေသန္တရအမိန့်အရ (လ-ဝ-က)မှ ပုံစံ (၄)ယူပြီး အကန့်အသတ်ဖြင့်သာ သွားရသဖြင့် လူမှုစီးပွားရေးဘဝတွင် လွန်စွာအခက်အခဲများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ယင်းအခက်အခဲကို ပြေလည်အောင် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ကူညီ**

30-8 (08-09).pmd 1 8/30/2011, 4:06 AM

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က **"တရားရုံးများညွှန်ကြားလွှာ (၈/၆၂) နှင့် (၈/၆၈)တို့အရ မြန်မာနိုင်ငံတော်ရှိ စက်ရှင်တရားသူကြီးများသည် အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေး၍ အစီရင်ခံမှု ရှိ/မရှိနှင့် အစီရင်ခံမှုရှိပါက တရားဝင်ထုတ်ပြန်ကြေညာမည့်အစီအစဉ်များ ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားရုံးများ ညွှန်ကြားလွှာအမှတ် (၈/၆၂) နှင့် (၈/၆၈)တို့မှာ စက်ရှင်တရားသူကြီးများက ရာဇဝတ်မှုများ စစ်ဆေးရာတွင် ကြန့်ကြာမှု ရှိ/မရှိ သိရှိရန် အကျဉ်းထောင်များသို့ လစဉ် သွားရောက်စစ်ဆေးရန် ညွှန်ကြားခြင်းဖြစ်ပါကြောင်း၊ ထိုသို့ သွားရောက်စစ်ဆေးရင်း အချုပ်တရားခံများ၊ အကျဉ်းသားများ၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးတို့ကိုလည်း မေးမြန်းကြည့်ရှုပြီး အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြနိုင်ရန် ဖြစ်ပါကြောင်း၊ ယင်းညွှန်ကြားလွှာများကို ထုတ်ပြန်စဉ်က အကျဉ်းဦးစီးဌာနသည် တရားရေးဝန်ကြီးဌာနအောက်တွင် ရှိနေစဉ်ကာလဖြစ်ပါကြောင်း။

၁၉၇၄ ခုနှစ် ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ၊ ၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေနှင့် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေတို့တွင် သတ်မှတ်ထားသည့် တရားသူကြီးများသည် ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အတူ ၂၀၁၀ပြည့်နှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၌လည်း အထက်ပါအတိုင်း ပြဋ္ဌာန်းထားပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် မေးမြန်းစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

ရောထွေးနေထိုင်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးဇာယာဒ်ရော်မံ (ခ) ဦးငွေဝင်းက **"ရခိုင်ပြည်နယ်၊ မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွား ဒေသခံမြန်မာမူဆလင် မဲဆန္ဒရှင်များသည် လွတ်လပ်စွာခရီးသွားလာနိုင်ခြင်း မရှိကြပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းတွင်သော်လည်းကောင်း၊ ရခိုင်ပြည်နယ်ပြင်ပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်းကောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတစ်ခုခုအတွက် ခရီးသွားလိုလျှင် (န-စ-က)၏ ဒေသန္တရအမိန့်အရ (လ-ဝ-က)မှ ပုံစံ (၄)ယူပြီး အကန့်အသတ်ဖြင့်သာ သွားရသဖြင့် လူမှုစီးပွားရေးဘဝတွင် လွန်စွာအခက်အခဲများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ယင်းအခက်အခဲကို ပြေလည်အောင် နိုင်ငံတော်အစိုးရမှ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍မေးမြန်းရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာမူဆလင်ဟုသုံးနှုန်းသွားသူများသည် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်းမှာ နေထိုင်ကြသည့် ဘင်္ဂါလီလူမျိုးများကို ရည်ညွှန်းပြောဆိုခြင်းဟု ယူဆပါကြောင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသသည် တစ်ဖက်နိုင်ငံနှင့် (၁၅၂) မိုင်ခန့် နယ်နိမိတ်ထိစပ်မှုရှိနေသကဲ့သို့ မောင်တောခရိုင်အတွင်း၌ နေထိုင်ကြသည့် ဘင်္ဂါလီလူမျိုးများသည် တစ်ဖက်နိုင်ငံတွင် နေထိုင်သည့် ဘင်္ဂါလီလူမျိုးများနှင့် ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ရုပ်ရည်သွင်ပြင် ဘာသာစကားမှစပြီး တူညီနေကြသဖြင့် ရှေးအစဉ်အဆက်ကာလများကပင် နှစ်နိုင်ငံအကြား အပြန်အလှန်ကူးလူး၊ သွားလာဆက်ဆံပေါင်းသင်းမှုများ ရှိခဲ့ကြပါကြောင်း၊ ထိုအချက်များအပေါ် အခြေခံကာ တစ်ဖက်နိုင်ငံတွင်ရှိသည့် ဘင်္ဂါလီလူမျိုးများသည် ရေမြေသယံဇာတ ပိုမိုကောင်းမွန်ကြွယ်ဝသည့် မိမိတို့နိုင်ငံအတွင်းသို့ တရားမဝင် ထိုးဖောက်ဝင်ရောက်မှုများ ရှိလာခဲ့ရာမှ မိမိနိုင်ငံအတွင်းရှိ ဘင်္ဂါလီလူမျိုးစုများနှင့် အပြန်အလှန် အိမ်ထောင်ပြုခြင်းများရှိလာခဲ့ပြီး မိမိနိုင်ငံအတွင်းမှာ လူဦးရေရောထွေး နေထိုင်မှုများ ရှိလာခဲ့ပါကြောင်း။

ကာလရှည်ကြာ မြန်မာနိုင်ငံအတွင်းသို့ တစ်ဖက်နိုင်ငံမှ တရားမဝင် ဝင်ရောက်နေထိုင်သူများ အများအပြားရှိလာသည့်အတွက် ၁၉၇၈ ခုနှစ်အတွင်းတွင် နယ်မြေဒေသလုံခြုံရေးနှင့် အမျိုးသားရေးလိုအပ်ချက်အရ နဂါးမင်းစစ်ဆင်ရေး၊ ဟင်္သာစီမံချက်တို့ဖြင့် စိစစ်ဆောင်ရွက်ပြီး လူဦးရေ (၁၈၀၀၀၀)ကျော်ကို ပြန်လည်လက်ခံခြင်းပြုခဲ့ပါကြောင်း၊ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်မှစ၍ နှစ်နိုင်ငံသဘောတူညီချက်ဖြင့်လည်း ပြန်လည်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လအထိ လူဦးရေ (၂၃၀၀၀၀)ကျော် လက်ခံဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ထိုနောက်ပိုင်း ယနေ့တိုင် လက်ခံစခန်းဖွင့်ထားသော်လည်း တရားဝင်ပြန်လည်ဝင်ရောက်လာသူမရှိတော့ဘဲ တရားမဝင်ခိုးဝင်မှုများမှာမူ ယနေ့တိုင်ရှိနေဆဲဖြစ်ပါကြောင်း၊ ထိုသို့ တရားမဝင် ထိုးဖောက်ဝင်ရောက်နေထိုင်မှုများသည် ဆက်စပ်နေသည့် နယ်စပ်ဒေသသာမက နိုင်ငံအတွင်းပိုင်းနေရာများသို့ပါ ရောက်ရှိပျံ့နှံ့နေထိုင်မှုများ ရှိလာခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ယင်းဖြစ်စဉ်များအရ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားရေးတာဝန်အရ လတ်တလောခွဲခြားရန် ခက်ခဲသည့်အတွက် ခရီးသွားလာခွင့်ပုံစံ (၄)ကို အသုံးပြုခရီးသွားလာစေသည့်နည်းဖြင့် စိစစ်ဆောင်ရွက်နေရခြင်းဖြစ်ပါကြောင်း။

ခရီးသွားလာခွင့် ပုံစံ (၄)ကို အသုံးပြုခြင်းသည် ခရီးသွားလာခွင့်ပိတ်ပင်ခြင်းမဟုတ်ဘဲ စနစ်တကျစစ်ဆေးခွင့်ပြုသည့်စနစ်ကို ကျင့်သုံးခြင်းသာဖြစ်ပါကြောင်း၊ မြို့နယ်အတွင်းဆိုလျှင် တစ်ရွာနှင့် တစ်ရွာသာမက နေရာတိုင်းကို ခွင့်ပြုချက်မလိုဘဲ သွားလိုရာကို လွတ်လပ်စွာသွားလာနိုင်ခွင့်ရှိပါကြောင်း၊ ပြည်နယ်အတွင်း မြို့နယ်ကျော် သွားလာမည်ဆိုပါက မြို့နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ ပြည်နယ်ဦးစီးမှူးများထံ ခွင့်ပြုချက်ရယူ၍ လျှောက်ထားသွားလာနိုင်ပြီး ပြည်နယ်ကျော် သွားလာမည်ဆိုပါက ပြည်နယ်မှူး၏ ထောက်ခံမှုဖြင့် ဒေသအာဏာပိုင်အဖွဲ့သို့ တင်ပြခွင့်ပြုချက်ဖြင့် ခွင့်ပြုပေးလျက်ရှိနေပါကြောင်း၊ လက်ရှိအခြေအနေအထိ သတ်မှတ်ချက်နှင့် ပြည့်စုံသည့် ခရီးသွားလာခွင့်အားလုံးကို ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ပညာသင်ကြားခွင့်၊ ကျန်းမာရေး၊ လူမှုရေး စသည်ဖြင့်လိုအပ်ချက်ပေါ်မူတည်ပြီး ထပ်တိုးခွင့်ပြုခြင်းများလည်း ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၈ ရက်အထိ ရန်ကုန်မြို့သို့ သွားလာခွင့်ပြုပေးခဲ့သူ (၃၆၀)ကျော်ရှိနေပါကြောင်း၊ လိုအပ်ချက်အရ ထပ်တိုးနေထိုင်မှုများလည်း အရေအတွက်များစွာ ခွင့်ပြုပေးခဲ့ပါကြောင်း၊ ပညာသင်ကြားရေးအပိုင်းတွင်လည်း ၂၀၁၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၈ ရက်အထိ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားရန် ထပ်တိုးခွင့်ပြုချက်များ အပါအဝင် ပညာသင်နှစ်များတစ်လျှောက် နေထိုင်ခွင့်များပြုခဲ့ရာ လောလောဆယ်တွင် (၂၃)ဦး ရှိနေပါကြောင်း။

၂၀၀၅ ခုနှစ်မှ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်သူ တစ်ဖက်နိုင်ငံသား (၂၅၈) ဦးကို နေရာအနှံ့တွင် စိစစ်ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ဖမ်းမိသော်လည်း အရေးယူမှုမရှိဘဲ လာရာလမ်းအတိုင်း ပြန်လည်စေလွှတ်ပေးခဲ့သည့် တရားမဝင်ခိုးဝင်လာသူ အရေအတွက်မှာလည်း ရာဂဏန်းအထိပင် ရှိနေခဲ့သည့်အတွက် စနစ်တကျ စိစစ်စစ်ဆေးခွင့်ပြုရန် အမှန်တကယ် လိုအပ်နေဆဲဖြစ်သည်ကို ဖော်ညွှန်းပြသနေပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ်၊ မောင်တောဒေသအတွင်း တစ်ဖက်နိုင်ငံနေ ဘင်္ဂါလီလူမျိုးများ၏ တရားမဝင် ဝင်ရောက်ရောထွေး နေထိုင်မှုများကြောင့် လတ်တလောခွဲခြားရန် ခက်ခဲသည့်အခြေအနေများတွင် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားရေးလိုအပ်ချက်အရ ခရီးသွားလာခွင့်ပုံစံ (၄) ဖြင့် စနစ်တကျ စိစစ်ခွင့်ပြုရခြင်းသာဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

၎င်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက်အစီရင်ခံစာ**အား တင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်းသည့် လက်ရှိပြဋ္ဌာန်းချက်၊ ပြင်ဆင်မည့်ပြဋ္ဌာန်းချက်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်အကြံပြုချက်တို့ကို ဖတ်ကြားတင်ပြသည်။

ထိုသို့တင်ပြရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း ပုဒ်မ ၃ နှင့်စပ်လျဉ်း၍ **"လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အနည်းဆုံးအဖွဲ့ဝင် (၅)ဦးကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်"** ဟု ပြင်ဆင်ရေးသားသင့်ပါကြောင်း။

ပုဒ်မ ၄ နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၉၈ (ခ)ပါ အချို့အချက်များကို ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် ၁ မှ ၄ အထိ လည်းကောင်း၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ (ဈ) အဖြစ်လည်းကောင်း ဖြည့်စွက်ရေးသားထားသည်ကို တွေ့ရှိရသည့်အတွက် ရွေးကောက်ပွဲကော်မရှင်၏ အဆိုပြုချက်မှာ လျော်ကန် သင့်မြတ်ပါကြောင်း။

တာဝန်ပေးအပ်နိုင်

ပုဒ်မ ၆ နှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (ခ)ပါ အဆိုပြုပြဋ္ဌာန်းချက်ကို အစားထိုး ထည့်သွင်းခြင်းပြုရန် မသင့်ဘဲ ပုဒ်မတစ်ခုတည်းဖြင့် ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် အသစ်ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။ ထိုသို့ခန့်အပ်တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော်မရှင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာဖြစ်သည် ဟု ပြန်လည်ရေးသားသင့်ပါကြောင်း။

ပုဒ်မ ၇ နှင့်စပ်လျဉ်း၍ လက်ရှိပြဋ္ဌာန်းချက်ပါစာပိုဒ်ကို မူလအတိုင်းထားရှိသင့်ပါကြောင်း။

ပုဒ်မ ၈ နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပုဒ်မခွဲ (ည)အဖြစ် ဖြည့်စွက်ရေးသားထားကြောင်း တွေ့ရှိရ၍ ကော်မရှင်၏ ပြင်ဆင်သည့်ပြဋ္ဌာန်းချက်မှာ လျော်ကန်သင့်မြတ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က အဆိုပါဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းသည်။ ယင်းအဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာခင်မောင်လေးက ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြချက်များအတိုင်း ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစံထွန်းက **အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းသည်။ ယင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းပါ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားရှင်းလင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က ဥပဒေကြမ်းကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဩဂုတ်၂၆ရက်နေ့က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးရှုမောင် တင်သွင်းထားသည့် **"သစ်တော သယံဇာတ မပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝ ကာကွယ်ပေးနိုင်ရေးအတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးတို့က ဆွေးနွေးကြသည်။

ပြန်လည်ဆွေးနွေး

ယင်းအဆိုနှင့် စပ်လျဉ်း၍ သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက မြန်မာနိုင်ငံတွင် သစ်တောဥပဒေကို ၁၉၀၂ ခုနှစ်မှစတင်၍ ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန်လည်းကောင်း၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပါဝင်လက်မှတ်ရေးထိုး ဆောင်ရွက်ရသည့် ပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ၁၉၀၂ ခုနှစ် ဥပဒေကို ၁၉၉၂ ခုနှစ်တွင် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၅ ခုနှစ်မှစတင်၍ ထပ်မံပြင်ဆင်ရေး စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်၊ ခေတ်ကာလလိုအပ်ချက်များနှင့်အညီ စိစစ်ပြင်ဆင်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ညှိနှိုင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို အချိန်ယူရေးဆွဲပြီး နိုင်ငံတော်အစိုးရထံ တင်ပြထားပြီး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေရှင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေမူကြမ်းကို အတည်ပြုရန် လွှတ်တော်သို့ တင်ပြထားပြီးဖြစ်သည့်အတွက် ယင်းအဆိုပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အပြည့်အဝကာကွယ်ပေးနိုင်ရေးဟူသည့် စကားရပ်ကို ပယ်ဖျက်ပြီး သစ်တောသယံဇာတ မပြုန်းတီးရေးအတွက် သစ်တောဥပဒေအား ပြင်ဆင်ပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ညနေ ၄ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၃၀ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၇)ခု ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း နှစ်ခုကို အတည်ပြုခြင်းနှင့် ဩဂုတ် ၂၆ ရက်နေ့က တင်သွင်းခဲ့သည့် အဆို (၁)ခုကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

(သတင်းစဉ်)

စက်တင်ဘာလပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၉

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာလ တတိယ ၁၀ ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့ကာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၁၀ ရက်မှ ၁၂ ရက်ခန့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ၁၃ ရက်မှ ၁၅ ရက်အထိရွာနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေအမှတ်အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား မှော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၁၀ နာရီက မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် မြို့နယ်ကျန်းမာရေး

ဦးစီးဌာနမှူး ဒေါက်တာကျော်ငြိမ်းက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးမှူးအဆင့် (၁) ဦးမြင့်စိုးက အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ ခေါင်းစဉ်ဖြင့် ဟောပြောပြီး တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များကို သံဓာတ်ဆေးပြား၊ ဘီဝမ်း၊ အိုင်အိုဒင်းဆားနှင့် အာဟာရများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေးအပ်

ဩဂုတ် ၁၅ ရက်က မုဒုံမြို့ မင်းတန်းရပ်နေ ဦးထွန်းကြိုင်-ဒေါ်ပန်းကြည်မိသားစုက ဘိုးဘွားရိပ်သာငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှသိန်းထံ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သီရိမင်္ဂလာဈေးရုံကြီး (ခ) ၌ မျက်နှာကြက်အမိုး ကျောက်ပြား တပ်ဆင်နေစဉ်။

သီရိမင်္ဂလာဈေးရုံများ မျက်နှာကြက်အမိုး တပ်ဆင်

သတင်း-တင်ဝင်းလေး
(ကြည့်မြင်တိုင်)
ဓာတ်ပုံ-မြင့်အောင်(အလုံ)

ရန်ကုန် ဩဂုတ် ၂၉

ကြည့်မြင်တိုင်မြို့နယ်မှ သီရိမင်္ဂလာဈေးကြီးကို လှိုင်မြို့နယ် ပိတောက်ချောင်းအနီးတွင် ငွေကျပ် ၅၃၂၈သိန်း အကုန်အကျခံ တည်ဆောက်ပြီး ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က အပြီးပြောင်းရွှေ့ကာ ဒီဇင်ဘာ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ကျယ်ဝန်းသော ယာဉ်ရပ်နားဝင်းကြီးနှစ်ခုနှင့်အတူ ဈေးရုံကြီးခြောက်ရုံ၊ ဈေးရုံငယ်သုံးရုံ၊ စုစုပေါင်းဈေးရုံ ကိုးရုံကို တစ်ထပ်မြေစိုက်အဖြစ် တည်ဆောက်ပေးခဲ့သည်။ ဘေးဝန်းကျင် အရိပ် မရှိခြင်း၊ သွပ်မိုးအပူရှိန် တိုက်ရိုက်ကျခြင်းတို့ကြောင့် ဈေးရောင်းသူ ဈေးဝယ်သူတို့ အပူဒဏ်ကို ခံစားနေရကြောင်း သစ်သီးရောင်းတန်းမှ မိတ်ဆွေတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ဩဂုတ် ၂၅ ရက်က သတင်းအဖွဲ့ဈေးကြီးအတွင်း ရောက်ရှိစဉ် ဈေးရုံကြီး(က)၌ မျက်နှာကြက် ကျောက်ပြားများ တပ်ဆင်ပြီး၍ ဈေးရုံကြီး(ခ)တွင် တပ်ဆင်နေကြောင်း တွေ့မြင်လိုက်ရသည်။ ဈေးတာဝန်ခံရုံးသို့ သွားရောက်၍ ဈေးတာဝန်ခံ ဦးမျိုးဝင်းအား တွေ့ဆုံခဲ့ရာ ဈေးတာဝန်ခံက ဈေးသာယာရေးကော်မတီအဖွဲ့နှင့် တွေ့ဆုံပေးခဲ့သည်။

ဈေးသာယာရေးကော်မတီအတွင်းရေးမှူး ဦးသန်းထွန်းက "ကျွန်တော်တို့ ဈေးသာယာရေးကော်မတီက ဦးစီးပြီး ကုန်ကျငွေကို ဈေးသူဈေးသားတွေက တစ်ဝက်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (ဈေးများဌာန)က တစ်ဝက် အကုန်အကျခံ တပ်ဆင်တာဖြစ်ပါတယ်။ ဈေးရုံကြီးတစ်ရုံအတွက် ကုန်ကျငွေက ငွေကျပ် ၁၆၂ သိန်းဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

(မြန်မာ့အလင်း)



ပဲခူးမြို့ ဟင်္သာကုန်းစေတီတော် မြောက်ဘက်စောင်းတန်းတည်ဆောက်ပြီ

ပဲခူး ဩဂုတ် ၂၉

ပဲခူးမြို့သည် သမိုင်းဝင် တန်ခိုးကြီး ဘုရားစေတီပုထိုးများစွာ တည်ရှိသောမြို့ဖြစ်သည်။ ဘုရားဖူးများ ပဲခူးရောက်လျှင် ရွှေမော်ဓော၊ ရွှေသာလျောင်း၊ မဟာစေတီ၊ ဟင်္သာကုန်း စသည့် ဘုရားလေးဆူကို ဖူးဖြစ်အောင် ဖူးကြသည်။ အချိန်ရလျှင်မူ စိန်သာလျောင်း၊ မြသာလျောင်း၊ ရွှေဂူလေး၊ ကိုးသိန်းကိုးသန်း၊ အကျွတ်အလွတ်၊ မဟာကြီး၊ ကျိုက်ပွန် စသည်ဖြင့် ဘုရားစုံဖူးကြသည်။ နိုင်ငံခြားသားများလည်း အရောက်အပေါက်များသည်။ ကမ္ဘောဇသာဒီနန်းတော်သို့လည်း ဝင်ကြသည်။

ဟင်္သာကုန်းဘုရား

ဘုရားစေတီ တည်ထားကိုးကွယ်ရာတွင် မုခ်ပေါက်လေးပေါက်၊ စောင်းတန်းလေးသွယ် စသည်ဖြင့် အင်္ဂါရပ်စုံအောင် တည်ထားကြစမြဲဖြစ်သည်။ ဟင်္သာကုန်းစေတီတော်တွင် မူလကနဦးက အနောက်ဘက် စောင်းတန်းတစ်သွယ်သာ ရှိခဲ့ဖူးသည်။ ရွှေမော်ဓောစေတီတော်၏ အရှေ့ဘက်မုခ်ဦးနှင့် တစ်ဆက်တည်း ဖြစ်သောရသေ့ကြီး ဦးခန္တီ တည်ဆောက်ခဲ့သည့် မူလစောင်းတန်းဖြစ်သည်။ အရှေ့ဘက်စောင်းတန်းနှင့် တောင်ဘက်စောင်းတန်းကြီးများကို တည်ဆောက်ပြီးဖြစ်သော်လည်း မြောက်ဘက်စောင်းတန်း တည်ဆောက်ရန် ကျန်ရှိခဲ့သည်။

မြောက်ဘက်စောင်းတန်း စတင်ဆောက်လုပ်

ယခုအခါ ဂေါပကအဖွဲ့သည် စေတနာရှင်၊ ပါရမီရှင်များ၏ မတည်လှူဒါန်းငွေဖြင့် မြောက်ဘက်စောင်းတန်းကြီးကို စတင်၍ ဆောက်လုပ်နေပြီဖြစ်သည်။ **(အပေါ်ပုံ)** လှူဒါန်းလိုသူများသည် ဘုံဆောင်ကြီးတစ်ဆောင် ကျပ်သိန်း ၁၅၀၊ ဘုံဆောင်ငယ်တစ်ဆောင် ကျပ်သိန်း ၁၀၀၊ စောင်းတန်းတစ်ခန်းလျှင် ကျပ် ၁၀ သိန်းနှုန်းဖြင့် လှူဒါန်းနိုင်ကြောင်းနှင့် ဂေါပကအဖွဲ့က အလှူရှင် လှူဒါန်းမှုကို ကမ္ပည်းရေးထိုး၍ မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၂၁)

ပုံသေစီးတီးဘတ်စ်ကားများ ပြေးဆွဲပေး ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေ

ကောင်းမြတ်သူ ရေးသားသည်

ရန်ကုန် ဩဂုတ် ၂၉

လွန်ခဲ့သည့် နှစ်များအတွင်းက ရန်ကုန်မြို့၌ စီးတီးဘတ်စ် အထူးယာဉ်ကြီးများ တိုးချဲ့ပြေးဆွဲပေးခဲ့သဖြင့် ပြည်သူများ ခရီးသွားလာမှု ပိုမိုအဆင်ပြေလာခဲ့သည်။

ခရီးစဉ်စဆုံး

ရန်ကုန်မြို့တွင် ပြေးဆွဲပေးနေသည့် ဘတ်စ်ကား နှစ်မျိုးရှိသည်။ ယင်းတို့မှာ ပုံသေနှင့် ပုံမှန်ဘတ်စ်ကားများဖြစ်ကြသည်။ ပုံသေမှာ အထူးယာဉ်များဖြစ်သည်။ ၎င်းပုံသေကားခမှာ ခရီးစဉ်စဆုံး ငွေကျပ် ၂၀၀ သာ ဖြစ်သည်။ ပုံမှန်ဘတ်စ်ကားများ၏ကားခမှာ တစ်ဖြတ် ငွေကျပ် ၅၀ ဖြစ်သည်။ ခရီးစဉ်စဆုံး ငွေကျပ် ၂၀၀ ဖြစ်သည်။

ယခင်က ရန်ကုန်မြို့၌ ဘတ်စ်ကားများစီးရာတွင် အလွန်ကျပ်သိပ်ပြီး စီးရသော်လည်း ပုံသေအထူးကားများ တိုးချဲ့ပြေးဆွဲပေးနိုင်မှုကြောင့် ဘတ်စ်ကားများ ချောင်ချိလာသဖြင့် ခရီးသွားလာမှု သက်သောင့်သက်သာ ရှိလာသည်ကို တွေ့ရသည်။

ပြေးဆွဲပေးလျက်ရှိ

"ကျွန်တော်တို့ ပါရမီခရီးသည် ဘတ်စ်ကားကြီးတွေအနေနဲ့ ခရီးသွားပြည်သူတွေ သွားလာမှု အဆင်ပြေချောမွေ့စေဖို့ တစ်နေ့ ခေါက်ရေ လေးခေါက်ကနေ ငါးခေါက်အထိ ပြေးဆွဲပေးနေပါတယ်" ဟု ပါရမီဘတ်စ်ကား ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။ ယခုအခါ ရန်ကုန်မြို့လယ်နှင့် ဆင်ခြေဖုံးမြို့များအကြား ပြေးဆွဲပေးလျက်ရှိသော အထူးပုံသေဘတ်စ်ကားများမှာ ပါရမီ၊ အဓိပတိ၊ ရွှေစည့်သည်(၁)၊ (၂)၊ အထူး ၄၈၊ အထူး ၃၉၊ အထူး ၂၃၇ စသည်တို့ဖြစ်ကြသည်။ ၎င်းပုံသေ အထူးယာဉ်များသည် မူလက ခရီးသည်များအား ဆွဲဆောင်သည့်အနေဖြင့် တီဗွီနှင့် အဲယားကွန်းများ ပါရှိသည်။

အဆင်ပြေချောမွေ့

ယခုအခါ တီဗွီနှင့် အဲယားကွန်းပါရှိသည့် အထူးယာဉ်များ နည်းပါးလာသည်ကိုလည်း တွေ့ရသည်။ သို့သော် ထိုင်ခုံရခြင်း၊ သက်သာချောင်ချိစွာ စီးရခြင်းတို့ကြောင့် ပြည်သူများ၏ခရီးသွားလာမှု အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ တာမွေ ဈေး ရှေ့တွင် ပုံသေ အထူး ဘတ်စ် ကား ကြီး များ ပြေး ဆွဲ လျက် ရှိသည်ကို တွေ့ ရစဉ်။

mn tv မကြာမီ ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၉

ရုပ်မြင်သံကြားလိုင်းအသစ်တစ်ခုဖြစ်သည့် mn tv(Myanmar National TV) ကို မကြာမီထုတ်လွှင့်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ အဆိုပါ TV လိုင်းကို မြန်မာဘာသာဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ပြီး အသက်အရွယ်မရွေး၊ လူထုလူတန်းစားမရွေး ကြည့်ရှုလိုသည့် အစီအစဉ်များကို အလေးထားစီစဉ် တင်ဆက်သွားမည်ဖြစ်ကြောင်း mn tv ၏ အထွေထွေမန်နေဂျာ ဦးစိုင်းဇွမ်ဖက ပြောကြားသည်။

"မြန်မာရုပ်သံပရိသတ် အလွှာပေါင်းစုံအတွက် တိကျမှန်ကန်တဲ့ သတင်းအချက်အလက်တွေ၊ သိမှတ်စရာဗဟုသုတတွေ၊ ဖျော်ဖြေရေး အစီအစဉ်များနဲ့ စိတ်ချမ်းမြေ့ပျော်ရွှင်ကြည်နူးဖွယ်ရာ အစီအစဉ်တွေစတဲ့ Infotainment တွေကို စဉ်ဆက်မပြတ် ထုတ်လွှင့်သွားနိုင်အောင် စီစဉ်နေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြသပေးသွားမည်

ပြည်တွင်း ပြည်ပတွင် ဖြစ်ပျက်ပြောင်းလဲနေမှုများကို ရုပ်သံကြည့်ပရိသတ်များ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ကြားခံဆက်သွယ်မှု ကိရိယာဖြစ်သည့် မီဒီယာကဏ္ဍမှ အထိရောက်ဆုံး တင်ဆက်သွားမည်ဖြစ်ကြောင်း၊ ပရိသတ်သိရှိလို၊ ကြည့်ရှုလိုသည့် အစီအစဉ်များကိုလည်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ပရိသတ်များအနေဖြင့် ရုပ်သံလိုင်းသစ်အပေါ် ကျေနပ်နှစ်သက်မှုရရှိစေရန် ရည်ရွယ်ပြီး အများကြိုက်နှစ်သက်သည့် Program များကိုလည်း ပြသပေးသွားမည်ဟု ဆိုပါသည်။

ယခုလောလောဆယ်တွင် ပညာပေးအစီအစဉ်၊ ဖျော်ဖြေမှုအစီအစဉ်နှင့် အားကစားအစီအစဉ်များကို ကြိုတင်ရိုက်ကူးလျက်ရှိသည်။ TV ထုတ်လွှင့်ပြသသည့်အခါ သတင်းဖြစ်ပေါ်သည့်နေရာများ၊ အခမ်းအနားများ၊ ဖျော်ဖြေပွဲများကို တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိကြောင်း ဦးစိုင်းဇွမ်ဖက ပြောကြားသည်။

အဆိုပါလိုင်းကို ၂၀၁၁ နှစ်ကုန်ပိုင်းတွင် စတင်ထုတ်လွှင့်ရန် စီစဉ်နေပြီး ထုတ်လွှင့်ခါစတွင် အချိန်ပိုင်းဖြင့် ပြသမည်ဖြစ်သော်လည်း နောင်တွင် ၂၄ နာရီ ထုတ်လွှင့်ပေးရန် စီစဉ်ထားကြောင်းသိရှိရသည်။

(ရန်ကြီးအောင်)

မှုခင်းသတင်း
လမ်းဖြတ်ကူးသူ အမျိုးသမီးအား မှန်လုံယာဉ်ဝင်တိုက်

ပြင်ဦးလွင် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အနီးစခန်းကျေးရွာအနီး မန္တလေး-လားရှိုးလမ်းမကြီး မိုင်တိုင်အမှတ် (၃၅/၃)နှင့် (၃၅/၄)အကြားတွင် ဩဂုတ် ၂၄ ရက် ည ၇ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရသဖြင့် အနီးစခန်းရဲကင်းမှူး ဒုတိယရဲအုပ်ဆန်းဦးအဖွဲ့နှင့် သက်သေ ရာအိမ်မှူး ဦးတင်မောင်၏အဖွဲ့က သွားရောက်စစ်ဆေးရာ ပြင်ဦးလွင်မှ မန္တလေးအဆင်း ကားလမ်းဘက်သို့ ယာဉ်မောင်း ဝင်းထွန်း မောင်းနှင်လာသည့် ၉ခ/ ---မူဆယ်-ရန်ကုန် မှန်လုံခရီးသည်တင်ကားမှာ အဆင်းလမ်းညာဘက်ခြမ်းမှ အတက် လမ်းဝဲဘက်သို့ လမ်းဖြတ်ကူးသူ ရွှေဘိုစုရပ်ကွက် အနီးစခန်းနေသူ မရီချို အသက် (၃၉)နှစ် (ဘ) ဦးပြည့်အား ဝင်တိုက်မိပြီး မရီချို၏ ဦးခေါင်းနောက်စေ့တွင် သွေးထွက်ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။ ယာဉ်မောင်းဝင်းထွန်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အမှုနှင့်ပတ်သက်၍ ထွက်ပြေးတိမ်းရှောင်လျက်ရှိသော ယာဉ်မောင်း ဝင်းထွန်းအား ဥပဒေအရ အရေးယူနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ***(ဝ၃၂)***

နိုင်ငံတကာသတင်းများ

ဗီယက်နမ်နိုင်ငံရှိ အမြင့်ဆုံးအဆောက်အအုံ မီးလောင်မှုဖြစ်ပွား



ဟနွိုင်း ဩဂုတ် ၂၉

ဗီယက်နမ်နိုင်ငံ၏မြို့တော် ဟနွိုင်း၌ တည်ရှိသည့် နိုင်ငံ၏အမြင့်ဆုံးဖြစ်သော ကန်နမ်းအဆောက်အအုံတွင် ဩဂုတ် ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၃၀ ခန့်က မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

မီးလောင်မှုမဖြစ်မီ မိနစ်ပိုင်းအနည်းငယ်က ကန်နမ်းအဆောက်အအုံ ခုနစ်ထပ်၌ လူတစ်စု လေအေးပေးစက်ပြုပြင်တပ်ဆင်နေသည်ကို မျက်မြင်တွေ့သူအချို့ရှိကြောင်း ဒေသတွင်းဗီနက်စ်သတင်းစာ၌ ဖော်ပြသည်။

ငြိမ်းသတ်နိုင်

မီးသတ်တပ်ဖွဲ့နှင့်ရဲတပ်ဖွဲ့ဝင်များပါရောက်ရှိလာကာ အဆောက်အအုံ၏ ဝန်းကျင်ကို ချက်ချင်းဝန်းရံပိတ်ထားလိုက်ပြီး ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် ညနေ ၃ နာရီတွင် မီးကိုငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ ကန်နမ်းအဆောက်အအုံမီးလောင်မှုတွင် ထိခိုက်သေဆုံးသူမရှိကြောင်းသတင်းတွင် ဆက်လက်ဖော်ပြထားသည်။ ဗီယက်နမ်နိုင်ငံ၏ အမြင့်ဆုံး ကန်နမ်းမိုးမျှော်အဆောက်အအုံသည် ကမ္ဘာ့အမြင့်ဆုံး မိုးမျှော်အဆောက်အအုံများတွင် ၁၇ နေရာ၌ရှိပြီး ဧရိယာအကျယ်အဝန်းဆုံး သတ်မှတ်ချက် ပဥ္စမအဆင့်တွင် ရှိသည်။ ၂၀၀၇ ခုနှစ် မေ ၃ ရက်က တည်ဆောက်ရေးစတင်ခဲ့ခြင်းဖြစ်သည်။

တည်ဆောက်ရေးကာလအတွင်း၌ မီးလောင်မှုတစ်ကြိမ် ဖြစ်ပွားခဲ့ဖူးကြောင်း၊ အလုပ်သမားအတော်များများလည်း မတော်တဆထိခိုက်မှုများဖြစ်ပြီး ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ယခုမီးသည် မည်သည့်အတွက်ကြောင့် လောင်ခဲ့သည်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အစာအဆိပ်သင့်မှုဖြစ်ပွားသော ငါးဖမ်းသမားများ ဆေးရုံ၌ဆေးကုသမှုခံယူနေစဉ်။

ဖိလစ်ပိုင်၌ ရှားပါးငါးများစားသုံးသူ ငါးဖမ်းသမား ၁၃ ဦး ဆေးရုံတင်ရ

ကာလီဘို ဩဂုတ် ၂၉

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း မာဘီလိုကျေးရွာတွင် ရှားပါးသော ငါးအမျိုးအစားများကို စားမိသော ငါးဖမ်းသမား ၁၃ ဦးသည် အစာအဆိပ်သင့်မှုများ ဖြစ်ပွားပြီး ဆေးရုံသို့ အမြန်တင်ပို့ခဲ့ရကြောင်း ဖိလစ်ပိုင်အရာရှိများက ဩဂုတ် ၂၉ ရက်၌ ပြောကြားသည်။

ပြုလုပ်လျက်ရှိ

အဆိုပါ ငါးဖမ်းသမားများမှာ ဖိလစ်ပိုင်နိုင်ငံ ငါးဖမ်းလုပ်ငန်းနှင့် ရေသယံဇာတ အရင်းအမြစ်များဆိုင်ရာဗျူရိုမှဖြစ်ပြီး အစာအဆိပ်ဖြစ်စေခဲ့သည့် ငါးများနှင့် ပတ်သက်ပြီး စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

၎င်းငါးများကို ငါးဖမ်းသမား ၃၀ ခန့်က စားသုံးခဲ့ခြင်းဖြစ်ပြီး ၁၃ ဦး အဆိပ်သင့်ခဲ့ခြင်းဖြစ်သည်။ ယင်းငါးဖမ်းသမားများသည် ဝမ်းဗိုက်အောင့်ခြင်း၊ အရေပြားယားယံခြင်း၊ ခေါင်းမူးခြင်း စသည့်ဝေဒနာများ ခံစားခဲ့ရသဖြင့် ဆေးရုံသို့တင်ပို့ကာ ဆေးကုသမှုခံယူခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၉-၈-၂၀၁၁

တင်မောင်လွင် - စုစည်းသည်

တရုတ်၌ ကျောက်မီးသွေးတွင်းတစ်တွင်း ပေါက်ကွဲ

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ဩဂုတ် ၂၇ရက်က ကျောက်မီးသွေး မိုင်းတွင်းတစ်တွင်း ပေါက်ကွဲမှုကြောင့် မိုင်းလုပ်သားလေးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ဩဂုတ် ၂၉ ၌ ပြောကြားသည်။

ယင်းပေါက်ကွဲမှုသည် ဒါကျို့မြို့ စူအင်ဟန်စီရင်စုတွင် ဩဂုတ် ၂၇ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀က မတော်တဆမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါပေါက်ကွဲချိန်တွင် မိုင်းတွင်းထဲ၌ လူခုနစ်ဦးရှိခဲ့ကြောင်း၊ သုံးဦးမှာဒဏ်ရာရရှိပြီး အခြားလေးဦးမှာ မြေအောက်၌ ပိတ်မိကာ သေဆုံးနေသည်ကို တွေ့ရကြောင်း အဆိုပါ အာဏာပိုင်များက ဆက်လက်ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်အရှေ့တောင်ပိုင်း၌ ရထားပေါ်တိုက်ခိုက်မှုဖြစ်

ပါကစ္စတန် အရှေ့တောင်ပိုင်း ဘလူချီစတန်ပြည်နယ်တွင် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ရထားပေါ်လိုက်ပါလာသူ လက်နက်ကိုင်တစ်ဦး၏ တိုက်ခိုက်မှုကြောင့် ငါးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အူရဒူရှိ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။ ၎င်းတိုက်ခိုက်မှုသည် ဘလူချီစတန်ပြည်နယ်၏ မြို့တော်ကွတ်တာမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၆၀ အကွာရှိ မက်အရပ်၌ ကွတ်တာမြို့မှ ပက်ရှ်ဝါမြို့သို့ပြေးဆွဲနေသော ခရီးသည်တင်ရထားတစ်စင်းပေါ်၌ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်တွင် ဘတ်စ်ကားတိမ်းမှောက်၊ လူ ၂၅ ဦး သေဆုံး

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကရာကတ်မြို့အနီးတွင် ဩဂုတ် ၂၇ ရက်က ဘတ်စ်ကားတစ်စီးတိမ်းမှောက်ခဲ့ရာ လူ ၂၅ ဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းရဲဝန်ထမ်းများက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ကရာကတ်မြို့ အရှေ့မြောက်ဘက်ရှိ ဘာဂျီရန်နယ်မြေ မိန်းလမ်းမကြီးပေါ်တွင် ၎င်းဘတ်စ်ကားတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ ယင်းဘတ်စ်ကားသည် ကရာကတ်မြို့မှ ခရီးသည်များကို တင်ဆောင်လျက် အာရာဘေးအရပ်သို့ ဦးတည်မောင်းနှင်လာစဉ် ကားငယ်တစ်စီးနှင့် တိုက်မိပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်အနောက်မြောက်ပိုင်း၌ လေ့ကျင့်ရေးလေယာဉ်ပျက်ကျ

အီရန်နိုင်ငံ အနောက်မြောက်ပိုင်း၌ လေ့ကျင့်ရေးရဟတ်ယာဉ်တစ်စင်း ပျက်ကျပြီး နှစ်ဦးသေဆုံးကြောင်း အီရန်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါပျက်ကျသော လေ့ကျင့်ရေးလေယာဉ်သည် ကတ်ဇ်ဗင်းပြည်နယ်ရှိ အလာမော့တ်ကုန်းမြင့်အရပ်၌ ဩဂုတ် ၂၃ ရက်က ပျောက်ဆုံးသွားခဲ့ပြီး ကယ်ဆယ်ရေးအဖွဲ့များက ဩဂုတ် ၂၇ ရက်၌ လေယာဉ်ပျက်ကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

တရုတ်နိုင်ငံဖူကျန့်ပြည်နယ်သို့ မုန်တိုင်းရွေ့လျားနေ

ဖူကျို့ ဩဂုတ် ၂၉

နန်မာဒိုအမည်ရှိ တိုင်ဖွန်းမုန်တိုင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ် အနောက်မြောက်ဘက်သို့ ဦးတည်ရွေ့လျားနေလျက်ရှိကြောင်း၊ ၎င်းမုန်တိုင်းသည် ဩဂုတ် ၂၉ ရက် နံနက်က တရုတ်(တိုင်ပေ)သို့ ဝင်ရောက်တိုက်ခတ်ပြီးနောက် ဖူကျန့်ပြည်နယ်သို့ ရွေ့လျားနေခြင်းဖြစ်ကြောင်း တရုတ်မိုးလေဝသအရာရှိများက ပြောကြားသည်။

ရှာသွန်းခဲ့

နန်မာဒိုမုန်တိုင်းသည် တရုတ်(တိုင်ပေ)ရှိ တိုင်တွန်စီရင်စုသို့ ဩဂုတ် ၂၉ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ခန့်က ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ရာ မိုးသည်းထန်စွာ ရှာသွန်းခဲ့သည်။ ၎င်းမုန်တိုင်းသည် ဖူကျန့်ပြည်နယ်အတွင်းသို့ ဩဂုတ် ၂၉ ရက် ညဥ့်သန်းခေါင်၌ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ကြုံတွေ့နိုင်

မုန်တိုင်းကြောင့် ငါးဖမ်းသင်္ဘောနှင့် စက်လှေ ၂၆၈၁၈ စင်းကို ကမ်းခြေသို့ အမြန်ပြန်ကပ်ကြရန် သတိပေးထားသည်။ ဖူကျန့်ပြည်နယ် ကမ်းခြေဒေသများတွင် မိုးသည်းထန်မှုနှင့် မုန်တိုင်းတိုက်ခတ်မှုဒဏ်များ ကြုံတွေ့ရနိုင်သည်။

နန်မာဒိုမုန်တိုင်းကြောင့် ဖူကျန့်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက် အမြင့် ၁၀ ပေခန့်ရှိသော လှိုင်းလုံးကြီးများ ရိုက်ခတ်ခံရနိုင်ကြောင်း၊ မုန်တိုင်းဒဏ်မှ ဘေးကင်းရာသို့ ဒေသခံများရွှေ့ပြောင်းနေထိုင်ကြရန် လိုအပ်ကြောင်း သတိပေးချက်များထုတ်ပြန်ထားသည်။ ***(အင်တာနက်)***

ကင်မရွန်းနှင့် နိုင်ဂျီးရီးယားနိုင်ငံအကြား ခရီးသည်တင်သင်္ဘော ဓားပြတိုက်ခံရ

ကာလာဘာ ဩဂုတ် ၂၉

ကင်မရွန်းနှင့် နိုင်ဂျီးရီးယားနိုင်ငံအကြား ရေပြင်၌ ဩဂုတ် ၂၇ ရက်က ခရီးသည်တင်သင်္ဘောတစ်စင်းအား ပင်လယ်ဓားပြများက တိုက်ခိုက်ခဲ့ပြီး သင်္ဘောကပ္ပတိန်ကို ဓားစာခံအဖြစ် ဖမ်းဆီးသွားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။

ပင်လယ်ဓားပြများသည် အမြန်ရေယာဉ်တစ်စင်းဖြင့် ရောက်ရှိလာပြီး ၎င်းခရီးသည်တင်သင်္ဘောကို တိုက်ခိုက်ခဲ့ကြကြောင်း၊ ယင်းသင်္ဘောမှာ ကင်မရွန်းနိုင်ငံ အနောက်တောင်ပိုင်း လင်ဘီမြို့မှ နိုင်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်း ကာလာဘာမြို့သို့ မောင်းနှင်လာသော သင်္ဘောဖြစ်ပြီး ဩဂုတ် ၂၇ ရက် နံနက် ၈ နာရီခန့်က ဓားပြတိုက်ခံရခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူ ခရီးသည်တစ်ဦးက ပြောကြားသည်။ *(ဝဲပုံ)*

လိုက်ပါလာ

“ ပင်လယ်ဓားပြများက အမြန်ရေယာဉ်နဲ့ ရောက်ရှိလာပြီး သူတို့ရဲ့ သေနတ်တွေကို လေထဲပစ်ဖောက်ကာ သင်္ဘောကို ရပ်ခိုင်းပါတယ် ” ဟု ၎င်းခရီးသည်က ဆက်လက်ပြောကြားသည်။ သင်္ဘောပေါ်တွင် ခရီးသည် ၁၅၀ ခန့် လိုက်ပါလာကြသည်။

ဆိုက်ရောက်ခဲ့

ဓားပြများသည် သင်္ဘောပေါ်တက်ကာ ခရီးသည်များထံမှ ငွေကြေးနှင့် ပစ္စည်းများကို သိမ်းယူသွားကြကြောင်း၊ သင်္ဘောကပ္ပတိန်ကို ဓားစာခံအဖြစ် ဖမ်းသွားကြောင်း ၎င်းက ထပ်မံပြောကြားသည်။ ကပ္ပတိန်မှာ ကင်မရွန်းနိုင်ငံသားတစ်ဦးဖြစ်သည်။ ဓားပြတိုက်ခံရပြီးနောက် လက်ထောက်ကပ္ပတိန်၏ ကြိုးစားမောင်းနှင်မှုကြောင့် နှစ်နာရီခန့်အကြာ ကာလာဘာမြို့သို့ သင်္ဘောဆိုက်ရောက်ခဲ့သည်။ *(အင်တာနက်)*

အိန္ဒိယ၌ ရာသီဥတုဆိုးရွားမှုကြောင့် ခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်

မွမ်ဘိုင်း ဩဂုတ် ၂၉

အိန္ဒိယနိုင်ငံတွင် ဩဂုတ်၂၉ ရက်က ခရီးသည် ၁၃၇ ဦးလိုက်ပါလာသော လေယာဉ်တစ်စင်း ရာသီဥတုဆိုးရွားမှုကြောင့် လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရာ ခရီးသည် ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

အရေးပေါ်ဆင်းသက်

ဘာရိန်းနိုင်ငံမှ အိန္ဒိယနိုင်ငံတောင်ပိုင်း ကိုချီမြို့သို့ပျံသန်းလာသော ပင်လယ်ကွေ့လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်မှာ ရာသီဥတု ဆိုးရွားမှုကြောင့် ကီရာလာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ ထိုသို့ အရေးပေါ်ဆင်းသက်ရာတွင် လေဆိပ်ပြေးလမ်းကို ပေ ၃၀ ခန့်အထိ အရှိန်လွန်ကာ မြက်ခင်းပေါ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ရာ ခရီးသည်အချို့ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

၎င်းလေယာဉ်မှာ ဘာရိန်း-ကိုချီ အဲဘတ် - ၃၂၀ လေယာဉ်ဖြစ်ပြီး အရေးပေါ်ဆင်းသက်မှုကြောင့် လေယာဉ်ဦးခေါင်း အနည်းငယ်ထိခိုက်ပျက်စီးခဲ့သည်။ အကူအညီပေးရေးအဖွဲ့များမရောက်မီ ခရီးသည်အချို့က လေယာဉ်ပေါ်မှ ခုန်ချခဲ့သဖြင့် ဒဏ်ရာရရှိခဲ့ခြင်းလည်း ဖြစ်သည်။

(အင်တာနက်)

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့်အထိမ်းအမှတ် ပွဲတော်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် တည်ထားခဲ့သည့် ရွှေတိဂုံစေတီတော်သည် လာမည့် သာသနာတော်နှစ် ၂၅၅၅၊ ကောဇာသက္ကရာဇ် ၁၃၇၃နှင့် ခရစ်နှစ် ၂၀၁၂တို့တွင် နှစ်ပေါင်း (၂၆၀၀)ပြည့်မည်ဖြစ်သည်။

ဂေါတမဗုဒ္ဓမြတ်စွာ၏ ဆံတော်မြတ်ရှစ်ဆူ၊ ဂေါတမ ဗုဒ္ဓရှေ့ပွင့်တော်မူပြီးသော ဘုရားသုံးဆူတို့၏ တောင်ဝှေးတော်၊ရေစစ်တော်၊ရေသနုပ်သင်္ကန်းတော်တို့ ထည့်သွင်းပူဇော် တည်ထားခဲ့သည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဘာသာရေးအနှစ်သာရ အပြည့်အဝဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပသွားရန် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

ပင့်ဆောင်ပူဇော်

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများကျင်းပရာတွင် ယခင်က တင်လှူခဲ့သည့် ရွှေတိဂုံစေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ဆံတော်ကြိုစေတီများသို့ ပင့်ဆောင်အပူဇော်ခံရန် စီစဉ်ထားကြောင်း သိရသည်။

အပူဇော်ခံမည်

၁၃၇၃ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်၊ ၂၀၁၂ခုနှစ် ဖေဖော်ဝါရီ ၈ရက်မှစ၍ ရွှေတိဂုံစေတီတော်၏စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ကွမ်းခြံကုန်းမြို့ရှိ ဆံတော်ကြိုစေတီများဖြစ်သော ဒေးတနော်စေတီတော်နှင့် အင်းဂလုံးစေတီတော်တို့သို့ စတင်ပင့်ဆောင်မည်ဖြစ်သည်။ ဆက်လက်၍ ကော့မှူးမြို့နယ်ရှိ ဆပုဂံစေတီတော်၊ ကျိုက်တဂိုးနွတ်စေတီတော်၊ ကျိုက်တဂိုးတွက် စေတီတော်၊ ကျိုက်မွန်ထိုစေတီတော်၊ ကျိုက်ကော့မှူးစေတီတော်တို့သို့ လည်းကောင်း၊ တွံတေးမြို့နယ်ရှိ ဖလကြီးစေတီတော်နှင့် ရွှေဆံတော်စေတီတော်တို့သို့လည်းကောင်း ပင့်ဆောင်မည်ဖြစ်ပြီး တစ်ညစီအပူဇော်ခံရန် စီစဉ်ထားသည်။ ထိုမှတစ်ဆင့် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ သုံးရက်အပူဇော်ခံမည်ဖြစ်သည်။

စည်ကားသိုက်မြိုက်

ရွှေတိဂုံစေတီတော်ကြီးတွင် တပေါင်းလပြည့်နေ့၌ သံဃာတော်အပါး ၂၆၀၀ တို့က စေတီတော်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ သစ်သီးများကပ်လှူကြပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ကာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရွှေတိဂုံစေတီတော်ကြီး၏ မုခ်ဦးကြီး လေးခု၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(စိုးမင်း-သတင်းစဉ်)

ကလော/အေးသာယာဂျီတီအိုင်ကျောင်းဆင်း တပည့်များက ဆရာကြီး ဦးအောင်နိုင်အားအမှူးထား၍ ဩဂုတ် ၅ ရက်က မဟာစည်သာသနာ့ရိပ်သာ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၈၅၅၀၀၀ကို လှူဒါန်းရာ အကျိုးတော်ဆောင်များက လက်ခံယူစဉ်။ (မြန်မာ့အလင်း)

အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ဒေသစာရီကြွချီပူဇော်ခံမည်

ညောင်ရွှေ ဩဂုတ် ၂၉

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် ၁၃၇၃ ခုနှစ် (သီတင်းကျွတ်လဆန်း ၁ ရက်) စက်တင်ဘာ ၂၈ ရက်မှစ၍ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံမည်ဖြစ်သည်။ ညောင်ရွှေမြို့သို့ အောက်တိုဘာ ၄ ရက်တွင် ရောက်ရှိတော်မူမည်ဖြစ်ပြီး အောက်တိုဘာ ၆ ရက်အထိ ကိန်းဝပ်အပူဇော်ခံမည်ဖြစ်သည်။ ထို့နောက် (သီတင်းကျွတ် လပြည့်ကျော် ၃ ရက်) အောက်တိုဘာ ၁၅ ရက်တွင် အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ကြီးသို့ ပြန်လည်ကိန်းဝပ်မည်ဖြစ်ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

သာယာဝတီမြို့နယ်၌ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

သာယာဝတီ ဩဂုတ် ၂၉

သာယာဝတီမြို့နယ်တွင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၈ နာရီခွဲက ငဖြူကလေးကျေးရွာ တောင်သူဦးလှဝင်း၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တောင်သူများက လယ်မြေဧက ၃၉၀ အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၁၉၅၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

တီဘီရောဂါ စောင့်ရှောက်မှုသင်တန်း လပွတ္တာ၌ဖွင့်

လပွတ္တာ ဩဂုတ် ၂၉

ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ပြည်သူလူထုအခြေပြု တီဘီရောဂါဝေဒနာရှင်များအား ပြုစုစောင့်ရှောက်သူ မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို လပွတ္တာမြို့ ရွှေးနဒီခန်းမ၌ ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဆွေက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ စန်းစန်းမြင့်က မြို့နယ်အဆင့် တီဘီရောဂါစောင့်ရှောက်မှုပေးသူ စေတနာ့ဝန်ထမ်းများအား နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဦးဘကြည်ပန်းချီဆု ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၉

ကျောင်းသား ကျောင်းသူများ ပန်းချီအနုပညာကို ချစ်မြတ်နိုးစိတ်များ ရှိလာစေရန်၊ ပန်းချီပညာကို ကြိုးစားလိုစိတ်ရှိလာစေရန် ရည်ရွယ်၍ ပန်းချီဆရာကြီး ဦးဘကြည် ရာပြည့်ကျင်းပရေးကော်မတီက ၂၀၁၁ ခုနှစ် ပန်းချီပညာသင်နှစ်အကုန်တွင် ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များ၊ ပန်းချီ ပန်းပုကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ လက်ရာမွန်ပန်းချီများကို ရွေးချယ်ကာ ဦးဘကြည်ပန်းချီဆုအဖြစ် ရွေးချယ်၍ ဆုများထိုက်ထိုက်တန်တန် ချီးမြှင့်သွားရန် စီစဉ်ထားကြောင်း သိရှိရသည်။ **(ဥမ္မာသန့်-သတင်းစဉ်)**

ထူးချွန်ကျောင်းသား ကျောင်းသူများအား ပုသိမ်မြို့၌ ဂုဏ်ပြု

ပုသိမ် ဩဂုတ် ၂၉

ပုသိမ်မြို့ အမှတ်(၂)အထက ဒုတိယအကြိမ် မိဘဆရာအသင်းအစည်းအဝေးနှင့် ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးကြသောဆရာ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၆ရက်က ပညာရွှေရည်ခန်းမဆောင်၌ ကျင်းပသည်။

ချီးမြှင့်ပေးအပ်

အဆိုပါအခမ်းအနားတွင် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဧရာဝတီတိုင်းဒေသကြီးတွင် အောင်ချက်ရာနှုန်းအမြင့်မားဆုံးဒုတိယ၊ ပုသိမ်မြို့နယ်တွင် ပထမရရှိအောင် သင်ကြားပေးကြသော ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နိုင်တို့က အဖွဲ့ကိုယ်စားငွေကျပ် ၁၀သိန်းကို ဂုဏ်ပြုချီးမြှင့် ပေးအပ်ကြသည်။

ထို့နောက် ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော မနွေးနွေးရဲဝင်းအား ရွှေဆွဲပြားနှင့် ဂုဏ်ထူးဆုများကို ကျောင်းအုပ်ဆရာကြီးဦးလှသန်း **(အပေါ်ပုံ)**က ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၇၇)

ငါးလုပ်ငန်းရှင်များငါးသယံဇာတထိန်းသိမ်းရေး သံဖြူဇရပ်မြို့နယ်၌ ဆွေးနွေး

သံဖြူဇရပ် ဩဂုတ် ၂၉

သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ကမ်းဝေး ကမ်းနီးငါးဖမ်းလုပ်ငန်းရှင်များအား ငါးသယံဇာတထိန်းသိမ်းရေးနှင့် ပတ်သက်သည့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ ကျိုက္ခမီ ငါးလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်က ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းရှင်များအား သတ်မှတ်ပိုက်ကွက်များဖြင့် ငါးဖမ်းဆီးရေး၊ တားမြစ်ထားသော ငါး၊ ပုစွန်အမျိုးအစား၊ အရွယ်အစားများကို မဖမ်းဆီးရေး၊ ပင်လယ်ပြင်၏ ထူးခြားချက်များကို သတင်းပို့ရေး၊ မိုးလေဝသသတင်းနားထောင်ပြီး အထူးသတိပြု၍ ငါးဖမ်းဆီးရေးနှင့် သား၊ ငါးကုန်ထုတ်အစုအဖွဲ့များ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းကျန်းမာရေးရက်သတ္တပတ် လှုပ်ရှားမှုဟောပြော

မော်လူး ဩဂုတ် ၂၉

ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမဆောင်၌ ဩဂုတ် ၁၈ ရက်နံနက် ၉ နာရီခွဲက ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် တိုက်နယ်ဆရာဝန် ဒေါက်တာဖြိုးကျော်အောင်က လူအများကျန်းမာရေးအတွက် စားသောက်သင့်သောအာဟာရများအကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ ကျန်းမာရေးကြီးကြပ်(၁) ဦးကြည်ကိုကိုက ငှက်ဖျားရောဂါအကြောင်း၊ အထက်တန်း သူနာပြုဆရာမဒေါ်ခင်မာချိုက တီဘီရောဂါအကြောင်း စသည်တို့ကို ကြိုတင်ကာကွယ်ရန်အတွက် ရှောင်ရန် ဆောင်ရန်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးများ စစ်ဆေးခြင်း၊ ကိုယ်အလေးချိန် တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ (၁၄၉)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

မြန်မာ့အလင်း စာတည်းထံပေးစာများ

ညလုံးပေါက်ဆိုင်ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

မော်လမြိုင်မြို့ ကွင်းရပ်ရပ်ကွက် အောက်လမ်းမကြီး နေ့ကလေးထိန်းကျောင်းနှင့် လူမှုဖူလုံရေး ဆေးပေးခန်းရှေ့မျက်နှာစာတွင် ညလုံးပေါက်ချက်ပြုတ်ရောင်းချသော လက်ဖက်ရည်၊ ခေါက်ဆွဲကြော်ဆိုင်ကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

ဆိုင်ကယ်များ စည်းကမ်းတကျ ရပ်နားစေလို

စာတည်းခင်ဗျား-

မအူပင်မြို့ ကမ်းနားလမ်း၊ ဘုရားလမ်းနှင့် ကျောင်းလမ်းကြားတွင် ဆိုင်ကယ်များသည် သတ်မှတ်ထားသောဂိတ်များတွင် မရပ်ဘဲ စည်းကမ်းမဲ့စွာ လမ်းကိုပိတ်ဆို့ရပ်ကြသဖြင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ စည်းကမ်းတကျဖြစ်စေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကမ်းနားလမ်းသား**

ကျူးကျော်ဈေးသည်များ ဖယ်ရှားပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် မဲခေါင်လမ်းပေါ်တွင် ကျူးကျော်ဆိုင်များဆောက်လုပ်ကာ စည်းကမ်းမဲ့ဈေးရောင်းလျက်ရှိသဖြင့် လမ်းပိတ်ဆို့ခြင်း၊ အော်ဟစ်ဆူညံခြင်းများကြောင့် သက်ဆိုင်ရာမှ အဆိုပါဈေးသည်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **(၆)ရပ်ကွက်သား**

စက်ရက်ကန်းသံ နားမခံနိုင်

စာတည်းခင်ဗျား-

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြေပဲတန်းရပ်ကွက်အတွင်းရှိ အထည်စက်ရုံတစ်ရုံ၏ စက်ရက်ကန်းခတ်သံ ဆူညံလွန်းသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် အဆိုပါစက်ရုံကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ဝေနေယျသုခရေချမ်းစင်အသင်း ပြက္ခဒိန်နှစ်မျိုး တစ်ပြိုင်တည်းထွက်ပြီ

ရန်ကုန်မြို့၊ ဝေနေယျသုခရေချမ်းစင်အသင်း၊ ပြက္ခဒိန်နှစ်မျိုး တစ်ပြိုင်တည်းထွက်ပါပြီ၊ (၁၅×၂၀)လက်မနှင့် (၂၀×၃၀) လက်မ ဖြစ်ပါသည်။ ပြက္ခဒိန်တွင် ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင်ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များကိုဖော်ပြထားသော စာရွက်တစ်ရွက်အပိုပါသည်။ ဂူဖရီးစက္ကူချော၊ ကြွေရောင်စက္ကူဖြင့် အတွင်းစာသားများကို ရောင်စုံရိုက်နှိပ်ပါသည်။ ရေအလှူဒါနပြုသူများအား မေတ္တာလက်ဆောင်ဒါနပြုပါသည်။ တစ်နှစ်စာရေအလှူငွေကျပ် ၅၀၀ ဒါနပြုလှူဒါန်းလိုသူများသည် ဖုန်းနံပါတ်-၀၁-၃၈၁၇၃၆၊ ၀၁-၃၈၃၅၁၁ လိုင်းခွဲ ၁၇၁နှင့် ၀၉-၄၉၃၃၉၂၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ ပြည်လမ်း၊ မြေ ကွက်အမှတ် (၂၄/၂၅)ဟုခေါ်တွင်သော အလျား ၉၇ပေ×အနံ ပေ ၂၀၀၊ စတုရန်းပေ ၁၉၄၀၀ရှိ မြေနှင့်မြေပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ ဘိုးဘွားပိုင်မြေအား အဆင့်ဆင့်လက်ဝယ်ပိုင်ဆိုင်သူ ဦးထွန်းကြိုင် ၁၂/မဂဒ(နိုင်)၀၇၆၂၉၇ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးသန်းမြင့် ၁၂/လမန(နိုင်)၀၂၇၇၇၂ က စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စအပေါ်ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြသိန်း(စဉ်-၁၉၄၈၇)
အထက်တန်းရှေ့နေ
B.A, H.G.P, D.A
အမှတ် (၅၆၁) ပထမထပ်၊ အခန်း(၄)
M.A.C တာဝါ၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့

မူဆယ်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

မူဆယ် ဩဂုတ် ၂၉

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူဆယ်မြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၁၁ နာရီက မူဆယ်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောဖုန်းမြင့်က အမှာစကားပြောကြားပြီး အမှုဆောင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသန်းရင်နှင့် အသင်း၏ဘဏ္ဍာရေးရှင်းတမ်းများကို တွဲဖက်အတွင်းရေးမှူး ဒေါ်အယ်လ်ဂျာဖန်တို့က ဖတ်ကြားကြသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်ခုနစ်ဦးနှင့် အသင်းသားစာရင်းစစ်နှစ်ဦးကို ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ရပ်၊ အင်ကြင်းရိပ်မွန်နေ ဒေါက်တာကျော်သန်းထွန်း-ဒေါ်အေးအေးကြင်(လီရှီကျန်ဆေးဝါးသုတေသနလုပ်ငန်း) တို့၏သားလတ်

မောင်မြတ်သူထွန်း
M.A (E.F.L) B.A (Myanmar), Dip : Eng
Dip : E.L.T.M, Dip : Anthropology
Dip: Tourism Studies & Management

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၂၃)နေ ဦးတင်မြ(အရာခံဗိုလ်၊ တပ်မတော်ရေ-ငြိမ်း) ရေကြောင်းတက္ကသိုလ် အချိန်ပိုင်းနည်းပြ(ငြိမ်း)-(ဒေါ်လှကြည်) တို့၏သမီးလတ်

မစုစုတင်
B.Sc (Phy:), M.S.C Q II,
Dip : Japanese, Dip: Eng, Dip : Gemmology

တို့၏ ၂၆-၆-၂၀၁၁ရက်တွင် စင်ကာပူနိုင်ငံ ဓာတ်တော်တိုက် ဗုဒ္ဓဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲသို့ ဝိုင်းဝန်းကူညီ ကြွရောက်ချီးမြှင့်ကြပါသော မိတ်သင်္ဂဟ အပေါင်းတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်မြတ်သူထွန်း-မစုစုတင်

ပျောက်ဆုံးကြောင်း

ကိုအောင်လင်းထွန်း၏ ဧည့်နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၃/ပတယ(ဧည့်) ၀၀၀၀၁၁ ခရီးသွားရင်း ပျောက်ဆုံးသွားပါသည်။ တွေ့ရှိက ပြန်လည်ပို့ပေးပါရန်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၂၈၈၄၁၀၊ ၀၁-၇၀၄၅၅၈

ဩဂုတ် ၂၈ ရက်က ၂၀၁၀-၂၀၁၁ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မောင်ဗိုလ်ဗိုလ်ကျော့ရှင်းအား ပဲခူးမြို့ ညောင်ဝိုင်း တောင်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းလင်းနှင့် ဒေါ်စိန်စိန်လှိုင်တို့ ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အမြန်ရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

ပန်းတောင်း၊ တောင်ကုတ်လမ်းပေါ်ရှိ တည်းခိုခန်းနှင့် စားသောက်ဆိုင်အား ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ဖုန်း-၀၄၃-၆၀၁၀၈၊ ၀၉-၇၃၁၆၅၁၈၅

ကားရောင်းမည်

TOYOTA ALPHARD, 2007 Model အနက်ရောင်၊ ညာမောင်း၊ ပစ္စည်းစုံ။
ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၅၁၁၃၆၆

အမည်ပြောင်း

ဦးရဲဝင်းခိုင်၏သား ကြို့ပင်ကောက်မြို့၊ အထက(ခွဲ)ပန်းတင်၊ အဌမတန်း(C)မှ မောင်ထက်ဝေယံဦးအား မောင်ဟိန်းဝေယံထက် ဟုပြောင်းလဲခေါ်ပါရန်။ **မောင်ဟိန်းဝေယံထက်**

အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်၊ ပတ္တမြားလမ်း၊ အမှတ် ၇/၄၆နေ ဒေါ်ရှာလာ (ခ)ဒေါ်စန္ဒာ ၁၃/မရန(ပြု)၀၀၀၀၀၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် လုပ်ငန်းလုပ်ကိုင်ရင်း ငွေကြေး အခက်အခဲများ ရုတ်တရက် ကြုံတွေ့ခဲ့ရပါသည်။ ကျွန်ုပ်၏ မိတ်ဆွေမှ မိမိရရန်ရှိသော၊ ပေးရန်ရှိသော စာရင်းများအား ပြုစုညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မကြာမီ ငွေကြေးကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်သူများအား အမြန်ဆုံးရှင်းလင်းပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရှာလာ(ခ)ဒေါ်စန္ဒာ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော်ဦး (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၉၂၈)
၁၅/၈၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊
တောင်ကြီးမြို့။
ဖုန်း-၀၈၁-၂၀၁၁၃၄၊ ၀၉-၅၂၄၀၄၉၈

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အထက-၄ တက္ကသိုလ်ဝင်တန်း (G) မှ မမီမီဝင်းဦး ၏ဖခင်အမည်မှန်မှာ ဦးဝင်းသိန်းဖြစ်ပါသည်။ **ဦးဝင်းသိန်း**

ဖခင်အမည်မှန်

(ထွဲ) အလက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မဇင်မာအောင်၏ ဖခင်အမည်မှန်မှာ ဦးစန်းမြင့် ၈/စလန(နိုင်) ၀၈၅၆၄၀ ဖြစ်ပါသည်။ **ဦးစန်းမြင့် ၈/စလန(နိုင်)၀၈၅၆၄၀**

UNIQUE MARINE TRAINING CENTER (ရေကြောင်းပညာတက္ကသိုလ်)
BST (4 Ticket) သင်တန်းသားများခေါ်ယူခြင်း

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် Exam Date 10-11-2010 Roll ID R-022 မှ 22-11-2010 ROLL IDR-001 အထိ BEST ဖြေဆိုအောင်မြင်၍ BST (4 Ticket) သင်တန်းတက်ရောက်ရန် စောင့်ဆိုင်းလျက်ရှိသော သင်တန်းသားများသည် ၄-၉-၂၀၁၁ရက်နောက်ဆုံးထား၍ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ Passport ဓာတ်ပုံနှစ်ပုံတို့နှင့်အတူ Unique Marine Training Center သို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန်။

ဖုန်း-၀၉-၄၉၆၅၀၇၇၇
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(သန်လျင်)

❒ ကျော့ဖုံးမှ

မတ်စ်ဖော်စတာ၊ တောင်အာဖရိကဂေါက်သီးကစားသမား ကော့တ်ဇီ၊ စပိန်ဂေါက်သီးကစားသမား လာရာဇာဘယ်၊ ဩစတြေးလျဂေါက်သီးကစားသမား ဝိုက်စ်ဘာဂါတို့နှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ချက်စီ လျော့ရိုက်ခဲ့ကြသည်။ ဒိန်းမတ်ဂေါက်သီးကစားသမား ဘီဂျွန်သည် ယင်းဂေါက်သီးကစားသမားများနှင့်အတူ သတ်မှတ်လျော့ရိုက်ချက်များ တူညီနေသဖြင့် ကျင်းပိုပြန်ကစားခဲ့ပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ဂေါက်သီးကစားသမား ဘီဂျွန်သည် ပြိုင်ပွဲတွင်ဖလားနှင့်အတူဆုကြေးငွေပေါင် ၂၃၅၀၀၀ ကိုပါ ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ပေါ့ပ်အဆိုတော်ဘီယွန်ဆေး MTV တေးဂီတဆုဆွတ်ခူး

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၉

ပေါ့ပ်အဆိုတော် ဘီယွန်ဆေးနှင့် လေဒီဂါဂါတို့သည် ယခုနှစ်အတွက် MTV Video တေးဂီတဆုများ ဆွတ်ခူးရရှိခဲ့ကြောင်း အင်တာနက်သတင်းမီဒီယာများက ဖော်ပြသည်။

*အဆိုတော်လေဒီဂါဂါသည် Born this Way တေးအယ်လ်ဘမ်ဖြင့် အမျိုးသမီးအကောင်းဆုံး ဗီဒီယိုဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုတော် ဘီယွန်ဆေး **(ယာပုံ)**သည် Run the World (Girlds) တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံး ပေါ့ပ်အဆိုတော်ဆု ဆွတ်ခူးနိုင်ခဲ့သည်။ သူမသည် ယင်းဆုပေးပွဲတွင် Love on Top သီချင်းဖြင့်လည်း သီဆိုဖျော်ဖြေခဲ့သည်။*

အဆိုတော်ဘီယွန်ဆေးက သူမတွင် ရင်သွေးငယ်လေးလွယ်ထားပြီဖြစ်ကြောင်းလည်း ပရိသတ်ကို ကြေညာခဲ့သည်။ ဗြိတိသျှအဆိုတော် အဒေလီက Some one Like You သီချင်းဖြင့် သီဆိုဖျော်ဖြေပေးခဲ့သည်။ အဆိုတော် အဒေလီသည်လည်း Till the World's End တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံးပေါ့ပ်ဂီတဗီဒီယိုဆုဆွတ်ခူးရရှိခဲ့သည်။ ***(အင်တာနက်)***

ကောင်းမြတ်သူ - စုစည်းသည်

ပေါ့ပ်အဆိုတော်ဆီလီနာဂိုမက်ဇ် MTV တေးဂီတဆုပေးပွဲအကြိုဖျော်ဖြေမည်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၉

အမေရိကန် အမ်မီဆုရ ပေါ့ပ်အဆိုတော် ရုပ်ရှင်သရုပ်ဆောင် ဆီလီနာဂိုမက်ဇ်(Selena Gomez)** (ဝဲပုံ)**သည် MTV Video Music Award ဆုပေးပွဲအကြိုအဖြစ် ဩဂုတ် ၂၈ ရက်တွင် ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း မီဒီယာများက သတင်းဖော်ပြသည်။

ရေပန်းစား

အဆိုပါ ဂီတဆုပေးပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ အပြင်ဘက် နိုကီယာကဇာတ်ရုံကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းဖျော်ဖြေမှုအတွက် အလွန်ဝမ်းသာဂုဏ်ယူမိကြောင်း ဆီလီနာ ဂိုမက်ဇ်က ပြောကြားသည်။ သူမသည် ယင်းဆုကို ဆွတ်ခူးရန်ရေပန်းစားနေသည့် အဆိုတော်လည်း ဖြစ်သည်။ ယင်းဖျော်ဖြေပွဲတွင် ဆီလီနာဂိုမက်ဇ်နှင့်အတူ အခြားနာမည်ကြီးအဆိုတော်များဖြစ်ကြသည့် လေဒီဂါဂါ၊ အဒေလီလီဝိန်း၊ ဘရူနိုမားစ်နှင့် ခရစ်ဘရောင်းတို့လည်း ပါဝင်သီဆိုကြမည်ဖြစ်သည်။

အဆိုတော်ဆီလီနာဂိုမက်ဇ်သည် ယခုအခါ When the Sun Goes Down အမည်ရှိ တေးအယ်လ်ဘမ်ထွက်ရှိလာရာ ပရိသတ်များ အထူးနှစ်ခြိုက်စွာ အားပေးလျက်ရှိကြောင်း အမေရိကန်၌ အရောင်းရဆုံး တေးအယ်လ်ဘမ်စာရင်းတွင် ဖော်ပြထားသည်။

(အင်တာနက်)

ဟက်သလွန် အားကစားပြိုင်ပွဲ
လက်ရှိချန်ပီယံ ဆုရရန်မျှော်မှန်း

ဒေဂူ ဩဂုတ် ၂၉

တောင်ကိုရီးယားနိုင်ငံ ဒေဂူမြို့၌ ဩဂုတ် ၂၇ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ကမ္ဘာ့ပြေးခုန်ပစ် အားကစားပြိုင်ပွဲကြီး ကျင်းပလျက်ရှိရာ ဗြိတိန်ပြေးခုန်ပစ် အားကစားမယ် ဂျက်ဆီကာအန်းနစ်သည် ဟက်သလွန် (ခုနစ်မျိုးအားကစားပြိုင်ပွဲ)တွင် ၎င်း၏ချန်ပီယံဆုကို ကာကွယ်ရန် ကြိုးစားလျက်ရှိသည်။

*ဂျက်ဆီကာအန်းနစ်သည် ဟက်သလွန်ချန်ပီယံဆုကို ကာကွယ်မည့် ပထမဆုံး ဗြိတိသျှ ပြေးခုန်ပစ်အား ကစားမယ်ဖြစ်လာရန်လည်း မျှော်မှန်းထားသည်။ သူမသည် ဩဂုတ် ၂၉ရက်က ယှဉ်ပြိုင်ခဲ့သည့် မီတာ ၁၁၀ တန်း ကျော်ပြေးပွဲတွင် ဒုတိယရရှိထားသည်။ သို့သော် အမြင့်ခုန်ပြိုင်ပွဲ **(အောက်ပုံ)**တွင် ၁ ဒသမ ၈၆ မီတာခုန်ကာ အကောင်းဆုံးစံချိန် ရရှိထားသည်။ ပြိုင်ပွဲနှစ်မျိုးအပြီး အမေရိကန်နိုင်ငံမှ အိုလံပစ်ငွေတံဆိပ်ဆုရှင် ဟိုင်လီယက်ဖောင်တိန်က ၄၁မှတ်အသာဖြင့် ဦးဆောင်နေသည်။ သူမသည် ရမှတ်စုစုပေါင်း ၂၂၂၈ မှတ်ရရှိထားသည်။ ဗြိတိသျှပြေးခုန်ပစ် အားကစားမယ် ဂျက်ဆီကာအန်းနစ်က ရမှတ် ၂၁၈၇မှတ် ရရှိထားသည်။*

ယင်းတို့သည် မီတာ ၂၀၀ ပြေးပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ လုံးတံပစ်ပြိုင်ပွဲနှင့်မီတာ ၈၀၀ ပြိုင်ပွဲများကို ဒုတိယနေ့တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ပထမနေ့ပြိုင်ပွဲအပြီး ရုရှားပြေးခုန်ပစ်အားကစားမယ် ချာနိုဗာက ရမှတ် ၂၀၉၃ မှတ်ဖြင့် တတိယအမှတ်အများဆုံး ရရှိထားသည်။ ***(အင်တာနက်)***



ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး(ကျေးလက်ဒေသ မီးလင်းရေး)အတွက်

ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသို့ စိတ်ပါဝင်စားစွာဖြင့် ဆက်သွယ်လာကြသူများ၊ လှူဒါန်းကြသူများကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ထပ်မံ၍ ဆက်သွယ်ဆွေးနွေးလှူဒါန်းလိုသူများကိုလည်း ဖိတ်ခေါ်အပ်ပါသည်။

ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ
အမှတ်(၂)စက်မှုဝန်ကြီးဌာန
ဖုန်း-၀၆၇-၄၀၅၃၃၈

MYANMAR AMAZING EXPO'2011
180,000 Ks
M G B Group 09 43020772, 5123345, 5008097, 5004523

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ခြံ ပေ(၅၀×၁၀၀) RC, I
လေဆိပ်လမ်းသွယ်(၁)၊
လေဆိပ်လမ်း၊
ဖုန်း-၀၁-၆၆၅၁၄၃

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁၊ မြေကွက်အမှတ် ၈၁၆(က)မြေကွက်တည်နေရာ ၈၁၆/က၊ ဇဋိလ၃လမ်း၁၆/၁ရပ်ကွက်၊ သဃ်န်းကျွန်း ဦးမြင့်ဝင်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ခင်ပွန်း ဦးမြင့်ဝင်း ကွယ်လွန်သဖြင့် ဒေါ်ညွန့်ညွန့်ဝင်း ၁၂/သဃက(နိုင်)၀၁၃၉၁၁က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ညွန့်ညွန့်ဝင်းထံမှ GP VI ၁၄၃၉၀/၁၁ ၃/၈/၁၁ ရသူ ဒေါ်ထွေးစိန်က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

[illegible]

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကစံပြကျေးရွာ အောင်ရတနာအသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းက မတည်ငွေထုတ်ချေးသည့်အခမ်းအနားကို ဒါးကစျေးတွင် ဩဂုတ် ၂၀ ရက်က ကျင်းပရာ တာဝန်ရှိသူများက ချေးငွေများကို တစ်ဦးချင်းထုတ်ပေးစဉ်။ (၀၉၃)

ကဏန်းဝယ်ယူစုဆောင်းသူများ အစုအဖွဲ့ ဖွဲ့စည်း

လပွတ္တာ ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ကဏန်းဝယ်ယူစုဆောင်းသူများ အစုအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ရုံးခန်းမ၌ ဩဂုတ် ၁၈ ရက် ညနေ ၄ နာရီကကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် မြို့ပေါ်ရှိ ကဏန်းလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စုပေါင်းဖြေရှင်း

ထို့နောက် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်းက ကဏန်းလုပ်ငန်းရှင်များအနေဖြင့် ကဏန်းဝယ်ယူစုဆောင်းသူများ အစုအဖွဲ့ ဖွဲ့စည်း၍ ကဏန်းထောင် ရေလုပ်သားများ၏ဘဝ မြှင့်တင်ခြင်းကို စုစည်းညီညွတ်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးတွင် ကဏန်းထောင် ရေလုပ်သားများအကျိုးတူပါဝင်ဆောင်ရွက်နိုင်သလို ကဏန်းဝယ်ယူစုဆောင်းသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကိုလည်း စုပေါင်းဖြေရှင်းနိုင်သဖြင့် လုပ်ငန်းအောင်မြင်မှုများ ရရှိမည်ဖြစ်ရာ ယခုဖွဲ့စည်းခဲ့သည့် ကဏန်းဝယ်ယူစုဆောင်းသူများ အစုအဖွဲ့ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားရန်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လက်ခံယူ

တွံတေးမြို့နယ် အလယ်စုကျေးရွာ ကျွန်းဘက်ကရင်ချောင်းအုပ်စုနေ ဒေါ်ဒန်းကြည် မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရပဒေသာပင်အတွက် လှူဒါန်းရာ ဘိုးဘွားရိပ်သာအတွင်းရေးမှူး ဦးမြသိန်း လက်ခံယူစဉ်။ (၀၀၉)

မြို့နယ်သတင်းထွေတလာ

ရေးမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုဆွေးနွေး

ရေး ဩဂုတ် ၂၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကို အထောက်အကူဖြစ်စေရန် စည်ပင်သာယာရေးဘဏ်လီမိတက်မှ အဖွဲ့ပိုင်ဈေးဆိုင်ခန်းရှင်များအား ဈေးဆိုင်ခန်းချေးငွေ ထုတ်ချေးပေးရန် ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီက ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြသီတာဈေးရုံးခန်း၌ကျင်းပရာ အမှုဆောင်အရာရှိ ဦးအောင်ထွန်းက ဈေးဆိုင်ခန်းချေးငွေထုတ်ချေးရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်ဆေး

ဟိုပင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မှကြို ကျောင်း၌ ဩဂုတ် ၁၈ရက်က အာဟာရ ရက် သတ္တပတ် အဖြစ် အာဟာရ ပြည့်ဝမျှတသည့် အစားအစာ ချက်ပြုတ်ရေး သရုပ်ပြနေမှုကို မြို့နယ် ဆရာဝန် ဒေါက်တာ မေသီဂီချိုနှင့် အဖွဲ့ စစ်ဆေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျွဲ၊ နွားများ ကူးစက်ရောဂါ မဖြစ်စေရေး ညောင်ဦး၌ ကာကွယ်ဆေးထိုးနှံ

ညောင်ဦး ဩဂုတ် ၂၈

ညောင်ဦးမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျေးရွာများတွင် ကျွဲ၊ နွားများ ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ဩဂုတ် ၁ ရက်မှစတင်၍ တစ်ရွာဝင်တစ်ရွာထွက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၁၆ရက်က ညောင်ဦးမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ မြနှင်းထွေး ဦးဆောင်သောအဖွဲ့သည် ကံပေါက်ကျေးရွာအုပ်စု၌ ကျွဲ၊ နွားရောဂါကာကွယ်ဆေးထိုးနှံရေးနှင့် ပတ်သက်၍ ဒေသခံရွာသူရွာသားများအား ပညာပေးဆွေးနွေးပြီး ကာကွယ်ဆေး ထိုးနှံခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုဆွေးနွေးခြင်း၊ ဥပဒေကြမ်း (၂)ခုနှင့် အဆို (၁)ခုကို အတည်ပြုခြင်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၉

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၁၀)ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၄)ဦးတို့က မေးခွန်းများကို မေးမြန်းကြရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ဖြေကြားသည်။

တိုးချဲ့ဖွင့်လှစ်

ရှေ့ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆွေအောင်က **"ဈေးကွက်တွင် လယ်ယာထွက်ကုန် ကုန်စိမ်းသီးနှံများမှာ လက်ရှိအနေအထားတွင် ကော်မရှင်စားစနစ်ဖြင့် ရောင်းဝယ်ဖောက်ကားမှုကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဈေးနှုန်းမြင့်တက်မှုနှင့် ထုတ်လုပ်သူ တောင်ယာသမားများ ရရှိမှုဝင်ငွေမှာ ကွာခြားပြီး ကုန်ဈေးနှုန်းလည်း တည်ငြိမ်မှု မရှိပါကြောင်း၊ နိုင်ငံအများစုတွင် ကျင့်သုံးသော လေလံစနစ်များ ဆောင်ရွက်၍ ထွက်ကုန်များကို စုဆောင်းရောင်းဝယ်ဖောက်ကားပါက ပိုမို၍ ဈေးနှုန်းတည်ငြိမ်မှုနှင့် တောင်ယာသမားများ ဝင်ငွေတိုး ရရှိနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကုန်စိမ်းသီးနှံများ ထားသိုနိုင်သော အအေးခန်း ကုန်လှောင်ရုံများကို တည်ထောင်၍ အခကြေးငွေဖြင့် ငှားရမ်းဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း"** မေးမြန်းရာ လက်ရှိတွင် ကုန်စိမ်းသီးနှံများကို ကော်မရှင် ၁၀ ရာခိုင်နှုန်းရယူ၍ ရောင်းဝယ်မှုများ ရှိနေသဖြင့် ယင်းရောင်းဝယ်မှုစနစ်များ လျော့နည်းပပျောက်စေရန်အတွက် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ လိုအပ်သည့်နေရာများတွင် ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်စည်ဒိုင်များ ပေါ်ပေါက်လာပြီးပါက ကော်မရှင်ယူရောင်းဝယ်မှုစနစ်မှ သီးနှံအမျိုးအစားကိုလိုက်၍ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းဝယ်လာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်စည်ဒိုင်များတွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူမှစ၍ မည်သူမဆို လာရောက်ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက် ကုန်စည်ဒိုင်၏ နေ့စဉ်ပေါက်ဈေးနှုန်းများကိုလည်း အခြားပြည်နယ်/တိုင်းဒေသကြီးများရှိ ကုန်စည်ဒိုင်များနှင့် ချိတ်ဆက်အသိပေး ဆောင်ရွက်လျက်ရှိသည့်အပြင် တောင်သူများ သိရှိနိုင်ရန် ရေဒီယို၊ တယ်လီဖုန်း (SMS)များဖြင့် ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်စိမ်းသီးနှံများ ပျက်စီးမှုနည်းပါးစေရန်နှင့် အရည်အသွေးကျဆင်းမှုမရှိစေရန်အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ရောင်းဝယ်ဖောက်ကားမှု အချက်အချာကျသည့်နေရာတွင် အအေးခန်းသိုလှောင်ရုံများ ဆောက်လုပ်၍ ဝန်ဆောင်မှုပေးနိုင်ရန် *စာမျက်နှာ ၈ ကော်လံ ၁* ✻

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း၏ တာဝါတိုင်တစ်တိုင် ချို့ယွင်းပျက်စီးမှုရှိခဲ့သော်လည်း ဓာတ်အားပြတ်တောက်မှုမရှိ၊ တာဝါတိုင်အား အမြန်ပြုပြင်လျက်ရှိကြောင်းသိရှိရ

နေပြည်တော် ဩဂုတ် ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် နမ့်တောင်ကုန်း ကျေးရွာအနီးရှိ ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း၏ တာဝါတိုင်တစ်တိုင်အား သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ချို့ယွင်းပျက်စီးမှုရှိခဲ့သော်လည်း ဓာတ်အားပြတ်တောက်မှုမရှိကြောင်း၊ တာဝါတိုင်အား ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရှိရသည်။

ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် မဟာဓာတ်အားလိုင်းမှူး(မန်စံ)နှင့်အဖွဲ့သည် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် (၃၀၅)၊ *စာမျက်နှာ ၄ ကော်လံ ၅* ❖

သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း၏ တာဝါတိုင် အမှတ် (၃၀၅) အောက်ခြေတိုင်များ ချို့ယွင်းပျက်စီးနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဂျော်နီဝေါကားဂေါက်သီးပြိုင်ပွဲ

မြင့်မောင်စိုး ရေးသားသည်

လန်ဒန် ဩဂုတ် ၂၉

ဒိန်းမတ်ဂေါက်သီးကစားသမား သောမတ်စ်ဘီဂျွန်သည် စကော့တလန်၌ ဩဂုတ် ၂၈ ရက်က ကျင်းပသည့် ဂျော်နီဝေါကား ချန်ပီယံရှစ် ဂေါက်သီးရိုက်အားကစားပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။ **(ယာပုံ)**

သောမတ်စ်ဘီဂျွန်သည် ကနဦးတွင် အင်္ဂလန်ဂေါက်သီးကစားသမား *စာမျက်နှာ ၁၃ ကော်လံ ၇* ❐